ကြေးမုံ The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့၊ (5-2-2007) (၅၂၂၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှု ဂါလန် ငါးသိန်းဆံ့ ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံ တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေး

ဇီဝဒီဇယ်ဆီထုတ်လုပ်မှု ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြက်ဆူကြိတ်စက်ဖြင့် ခြစ်ည်းရိုးကြက်ဆူစေ့များအား ကြိတ်ခွဲပြီး ဇီဝဒီဇယ်ဆီထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၄

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဖေဖော်ဝါရီ ၃ ရက် ညနေ ၃ နာရီတွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အမှတ်(၁) ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံသို့ ရောက်ရှိကြပြီး ပျိုးခင်းများဖြင့် ခြစ်ည်းရိုးကြက်ဆူပင်များ ပြုစုပျိုးထောင်ထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးကြရာ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခြစ်ည်းရိုးကြက်ဆူပင်များအား အစေ့နှင့် ပျိုးထောင်ထားမှု၊ ကိုင်းဖြတ် ပျိုးထောင်စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြစ်ည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးရာတွင် ရှင်သန်ဖြစ်ထွန်းစေရန် မြေချစိုက်ပျိုးချိန်မှစ၍ ပေါင်းရှင်းခြင်း၊ ရေလောင်းခြင်း၊ ဆေးဖျန်းခြင်းတို့ကို စနစ်တကျ ဆောင်ရွက်သွားကြရေးမှာကြားသည်။

အဆိုပါ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၁) စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ၌ ၂၀၀၇-၂၀၀၈ စိုက်ပျိုးရာသီတွင် ခြစ်ည်းရိုးကြက်ဆူဧက ၂၀၀ တိုးချဲ့ စိုက်ပျိုးရန်အတွက် ပျိုးပင်ပေါင်း ၄၀၀၀၀ ပျိုးထောင်ထားရှိသည့်အပြင် မျိုးစေ့ တင်း ၂၀ ကိုလည်း အသင့်စုဆောင်းထားပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါခြံ၌ ၂၀၀၆ ခုနှစ် မတ် ၂၁ ရက်တွင် ခြစ်ည်းရိုးကြက်ဆူဧက ၅၀၊ ဧပြီ ၂၂ ရက်တွင် ၂၅ ဧက၊ မေ ၆ ရက်တွင် ၂၅ ဧက၊ ဇူလိုင် ၁ ရက်တွင် ဧက ၂၀ စုစုပေါင်း ဧက ၁၂၀ ကို စိုက်ပျိုးခဲ့ပြီး ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

ထို့ပြင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် ၂၀၀၇-၂၀၀၈ ခုနှစ်၌ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

"တွေ့ဆုံဆွေးနွေးရေးနဲ့တွဲပြီး ဒေါ်စုကြည် ၁၉၉၅ ခုနှစ်ကတည်းက ပြောခဲ့တဲ့ အလုံးစုံပျက်သုဉ်းရေးဆိုတာကို ပြည်သူလူထုက နားခါးနေတာကြောင့် အလုံးစုံပျက်သုဉ်းရေးဆိုတဲ့နေရာမှာ လုံခြုံရေးကောင်စီမှ အရေးယူဒဏ်ခတ်ရေးဆိုတဲ့ သံတူကြောင်းကွဲ စကားလုံးကို တစ်ဖက်လှည့်နဲ့ သုံးလိုက်တာပါ"

စိုးမြကျော်၏ **"တွေ့ဆုံဆွေးနွေးရေး၊ တွေ့ဆုံဆွေးနွေးရေးဟု... ဆိုကာ(၁)"**

(ဆောင်းပါး) စာမျက်နှာ- ၈၊ ၉၊ ၁၁

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၅-၂-၂၀၀၇
(တနင်္လာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ပပို့ကုန် ပဲမျိုးစုံတိုးမြှင့်တင်ပို့

ကမ္ဘာ့ပဲမျိုးစုံဈေးကွက်တွင် ပဲဈေးနှုန်းများ မြင့်တက်လျက်ရှိရာ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ကုလားပဲနှင့် အခြားပဲများကို တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ မတ်ပဲကို ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် စိုက်ပျိုးကြသည်။

ပဲစင်းငုံကို မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင်လည်းကောင်း၊ ကုလားပဲကို စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင်လည်းကောင်း အဓိကစိုက်ပျိုးလျက်ရှိသည်။

ပဲအမျိုးမျိုးအနက် မအူပင်၊ ဓနုဖြူ၊ ဇလွန်၊ ဒိုက်ဦး၊ ပြွန်တန်ဆာ၊ ညောင်လေးပင် ဒေသတို့မှ ထွက်သည့် မတ်ပဲများ၊ ခရမ်း၊ သုံးခွတို့မှ ထွက်သည့် ပဲတီစိမ်းများသည် ဈေးကွက်၌ နာမည်ရနေသဖြင့် ပိုမိုစိုက်ပျိုးတင်ပို့နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ယခုနှစ်တွင် ပဲများစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ ရာသီဥတု ကောင်းမွန်လျက်ရှိရာ ပဲအထွက်တိုးရန် အလားအလာကောင်းမွန်လျက်ရှိသည်။

မြန်မာ့ပဲမျိုးစုံထွက်ကုန်များကို အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိပြီး တရုတ်နှင့်အခြားဥရောပနိုင်ငံတို့သို့လည်း တင်ပို့မှုများရှိရာ၂၀၀၆ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတင်ပို့မှုမှ ဝင်ငွေများစွာရရှိခဲ့သည်။

ယခုအခါ အိန္ဒိယ၊ တရုတ်၊ အရှေ့အလယ်ပိုင်းနှင့် ကမ္ဘာ့ပဲဈေးကွက်များတွင် ပဲဈေးနှုန်းများ မြင့်တက်လျက်ရှိရာ ပဲစိုက်တောင်သူများအနေဖြင့် အထွက်နှုန်းကောင်း ပဲမျိုးများသုံးစွဲစိုက်ပျိုးလာခြင်း၊ ပိုးမွှားအန္တရာယ်ကင်းရေး ဂရုပြုဆောင်ရွက်ခြင်း၊ ကုန်သွယ်တင်ပို့သူများနှင့် ဌာနဆိုင်ရာတို့ ပူးပေါင်း၍ စနစ်တကျ တင်ပို့ကြခြင်းတို့ဖြင့် ပြည်ပပို့ကုန် ပဲမျိုးစုံမှ ဝင်ငွေပိုမိုရရှိလာနိုင်မည် ဖြစ်ပါသည်။ ။

ပြည်ထဲရေးဝန်ကြီးဌာန ဗဟိုစိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၄

ပြည်ထဲရေးဝန်ကြီးဌာန ဗဟိုစိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အကျဉ်းဦးစီးဌာနတွင်ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် ညွှန်ကြားရေးမှူးများက စပါးစိုက်ပျိုးထားမှုနှင့် ထွက်ရှိမှုအခြေအနေများ၊ အခြားသီးနှံများစိုက်ပျိုးမှု၊ မွေးမြူမှုနှင့် ကုန်ထုတ်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ အလေအလွင့်နည်းပါးရေး၊ အထွက်နှုန်းတိုးတက်ရေးတို့အတွက် စနစ်တကျဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ဖေဖော်ဝါရီ ၄ ရက်က သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနှင့် အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. P.A.D Samarasekera **ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

ဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်များကို ကောလင်းမြို့ မြို့နယ်အားကစားကွင်း၌ ဖေဖော်ဝါရီ ၅ရက်မှ ၁၂ရက်အထိ၊ မြင်းခြံမြို့ မင်းကျောင်းကွင်း၌ ဖေဖော်ဝါရီ ၇ရက်မှ ၁၆ရက်အထိ၊ သထုံမြို့ မြို့တော်ခန်းမအနီး မြေကွက်လပ်၌ ဖေဖော်ဝါရီ ၇ ရက်မှ ၁၇ရက်အထိ၊ တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ဖေဖော်ဝါရီ ၉ရက်မှ၂၀ရက်အထိ၊ ရန်ကုန်မြို့ အလုံမြို့နယ် သီရိမင်္ဂလာအားကစားကွင်း၌ ဖေဖော်ဝါရီ ၁၁ရက်မှ ၂၁ရက်အထိ နေ့စဉ် နံနက် ၈နာရီမှ ည၈နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် သဃ်န်းကျွန်းမြို့နယ် မေတ္တာလမ်း သီရိရတနာရိပ်သာနေ ကွယ်လွန်သူခင်ပွန်း ဦးမြသွင်၊ သား ကပ္ပတိန်ကွန်းဇော်တို့အားရည်စူးလျက် ဒေါ်စောစော၊ သမီး ဒေါ်သီတာဝင်းမိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကိုင်းတန်းလမ်းနေ ဦးကျင်မောင်–ဒေါ်စိန်စိန်မိသားစုတို့က ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ၁၈၀၀၀၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

တိပိဋက–နိကာယသာသနာပြုဥပဓ္ဈာကအဖွဲ့ နှစ်ပတ်လည် စုံညီအစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတော်မူခဲ့သော တိ–နိ(ပင်မ)အဖွဲ့၊ တိ–နိ ရန်ကုန်ဌာန၊ မန္တလေးဌာန၊ စစ်ကိုင်းဌာန၊ ပြင်ဦးလွင်(အနီးစခန်း)ဌာန၊ စာအုပ်စာပေမော်ကွန်း၊ အနုပညာအဖွဲ့၊ သုဘဒ္ဒါအဖွဲ့၊ အမှုဆောင်များနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအကျိုးတော်ဆောင်များ တစ်ဖွဲ့လျှင် နှစ်ဦးစီဖြင့် (၂၃)ကြိမ်မြောက် နှစ်ပတ်လည် စုံညီအစည်းအဝေးကြီးကို ဆရာတော်ကြီးပျံလွန်တော်မူသည့် (၁၄)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်မည် ဖြစ်သည်။

ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ဖေဖော်ဝါရီ ၆ရက် အရောက်ကြွရောက်၍ ဖေဖော်ဝါရီ ၇ရက်၊ ၈ရက်နေ့ နံနက် ၈နာရီခွဲတွင် အမှတ်–၁၂၊ စကားဝါလမ်း၊ တိပိဋကကျောင်းတော်၌ အစည်းအဝေးကျင်းပမည်ဖြစ်၍ မပျက်မကွက်ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း၊ တိ–နိအမှုဆောင်အဖွဲ့ ဖုန်း–၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး၏ ညွှန်ကြားချက်အရ အလုံမြို့နယ် မီးသတ်ဦးစီးမှူး ရဲသူရိန်ဌေးဝင်းနှင့်အဖွဲ့ ရပ်ကွက်အသီးသီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ၂၂ ရက်က အလုံမြို့နယ် အလုံဈေးတွင် ဈေးတာဝန်ခံ ဦးကိုကိုဇော်နှင့် ဈေးမိဈေးဖများ၊ ဈေးသူဈေးသားများအား မီးသတ်နည်း လက်တွေ့သရုပ်ပြဟောပြောပို့ချစဉ်။ (က–ပ)

ပြည်ထောင်စု အထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၈)မိုင်ရှိ ယခင်ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် (၁၀၆)လမ်း အမှတ် (၂၄–ဒီ)ရှိ ဆရာကြီးဦးတိုးအောင်၏ နေအိမ်၌ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက် ကြွရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုသူများသည် ဗိုလ်မှူးကြီး ဇဟိန်း(ငြိမ်း)ဖုန်း–၆၆၀၇၃၁၊ ဗိုလ်မှူးမောင်သိမ်း(ငြိမ်း)ဖုန်း–၅၇၂၀၁၅၊ ဒေါက်တာဦးအေးဖေ ဖုန်း– ၆၆၂၉၆၇၊ ဦးအေးဖေ ဖုန်း–၃၇၉၆၄၇၊ ဦးထွန်းမြင့် ဖုန်း–၀၅၆–၂၁၄၇၃၊ ဦးဘညွန့်ဦး ဖုန်း–၆၈၄၇၆၁နှင့် ဦးဝင်းကြည်ဖုန်း– ၅၇၃၁၉၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာ အဖွဲ့ချုပ် ဓမ္မာရုံကြီးတွင် (၆၇)ကြိမ်မြောက် အထူးခုနစ်ရက် တရားစခန်းပွဲကို အလှူဒါယကာ ဦးကျော်ဝင်း–အလှူဒါယိကာမ ဒေါ်ဘေဘီဝင်း မိသားစုတို့က မတည်၍ အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ (မူလဓမ္မာစရိယ) ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ဓမ္မာနုပဿနာ မဟာသတိပဋ္ဌာန် တရားတော်များကို ဆရာကြီး၏တပည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာဦးသိန်းဆွေ (ဓနုဖြူ) နှင့် အရန်တရားဟော ဓမ္မကထိကများက ဖေဖော်ဝါရီ ၁၀ရက်မှ ၁၆ရက် အထိဟောကြားပြသမည်ဖြစ်၍ တရားစခန်းဝင်လိုသူ ယောဂီများသည် ဖေဖော်ဝါရီ ၉ရက် ညနေ ၅နာရီအရောက် နာယက ဦးအေးကို ဖုန်း–၆၆၀၀၀၆၊ ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း–၀၁–၂၄၇၀၂၇၊ ဒုဥက္ကဋ္ဌ ဦးနိုင်အောင် ဖုန်း–၀၁–၆၆၂၈၅၀ထံ သတင်းပို့ ဝင်ရောက်နိုင်ကြကြောင်းသိရသည်။ (က–ပ)

စစ်ကိုင်းတိုင်း ကလေးမြို့ သမိုင်းဝင်စကားလှဘုရားကြီးပွဲတော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီကြွချီပူဇော်ပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်း ကလေးမြို့ စကားလှဆရာတော် ဦးဓမ္မပါလ ဦးစီး၍ သမိုင်းဝင် စကားလှဘုရားကြီးပွဲတော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီကြွချီပူဇော်ပွဲများကို ဖေဖော်ဝါရီ ၅ရက်မှ ၉ရက်အထိ စစ်ကိုင်းတိုင်း ကလေးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လ၏ ဆဋ္ဌမအကြိမ်မြောက် ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လ၏ ဆဋ္ဌမအကြိမ်မြောက် ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုချီးမြှင့်ပွဲကို ၁၃၆၈ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ရက်၊ ဖေဖော်ဝါရီ ၁၁ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်းရှိ မဟာသာသန ဝေပုလ္လကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆုရရှိကြသော ဗုဒ္ဓစာပေ ပထမဆု(ဝါကျတ္ထဒီပကကျမ်း)-ဘဒ္ဒန္တကောဝိဒ၊ ဗုဒ္ဓစာပေ ဒုတိယ(သရဏဂုံဆိုင်ရာအဖွင့်)-ဘိုကလေး အရှင်ပဏ္ဍိတ၊ အဂ္ဂမဟာအကျော်(ဓမ္မာစရိယပထမ)-အရှင်ဇောတိပါလ၊ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သကျသီဟ)-အရှင်ခေမာစာရာဘိဝံသ၊ စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ-အရှင်ဇနိတာလင်္ကာရာဘိဝံသ၊ ပထမကျော်(ပထမကြီးတန်းပထမ)-အရှင်ဇဝနာလင်္ကာရ၊ ပထမလတ်တန်း ပထမ-ရှင်ဉာဏာဓာလင်္ကာရ၊ ပထမငယ်တန်းပထမ-ရှင်အဂ္ဂနန္ဒ၊ သီလရှင်များ-ဓမ္မာစရိယတန်းပထမ-မတေဇဝတီ၊ ပထမကြီးတန်း ပထမ-မစန္ဒာသိရီ၊ ပထမလတ်တန်း ပထမ-ဒေါ်သောဏာထေရီ၊ ပထမငယ်တန်း ပထမ-မအေးအေးထွေး၊ အဘိဓမ္မာဂုဏ်ထူးအောင် ပထမ-မောင်မျိုးမင်းထူး၊ အဘိဓမ္မာဂုဏ်ထူးဆောင်အထူးအောင် ပထမ-မမီမီကို၊ ဝိသုဒ္ဓိမဂ်အထူးအောင် ပထမ-မဝေမွန်ကျော်၊ မြန်မာတစ်ပြည်လုံး သိပ္ပံဘာသာ ပထမ-မအိအိလှိုင်၊ မြန်မာတစ်ပြည်လုံး ဝိဇ္ဇာဘာသာ ပထမ-မအေးချမ်းအောင်တို့ ဆုချီးမြှင့်ခံယူနိုင်ကြပါရန်နှင့် ဗုဒ္ဓစာပေဆုနှင့် စာအောင်ဆု ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုကြသော အလှူရှင်များသည် ပဓာနနာယကဆရာတော် ဦးဓမ္မတိဏ္ဏ၊ မဟာသာသနဝေပုလ္လကျောင်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၈၆၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✻ ကာကွယ်ရေးဝန်ကြီးဌာနမှ

နောင်ချိုမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအုပ်စု ကံ့ကော်ကျေးရွာအနီး၌ ကြက်ဆူပင် ဧက ၁၀၀နှင့် ကျောက်ပန်းတောင်းမြို့နယ် လက်ပံပြားကျေးရွာအနီး၌ ဧက ၂၀၀ထပ်မံတိုးချဲ့ စိုက်ပျိုးသွားရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ(ရေတံခွန်တောင်)အတွင်း စိုက်ပျိုးပြီးသော ခြံစည်းရိုး ကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းနေမှု၊ ဝက်ကောင်ရေ ၁၀၀၀ မွေးမြူထားရှိမှုနှင့် ကြက်၊ဘဲနှင့်ငါးများ မွေးမြူထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး ကြက်ဆူကြိတ်လုပ်ငန်းသို့ သွားရောက်၍ မြင်းကောင်ရေ ၅ ဒသမ ၅ ရှိ FY-172 အမျိုးအစား ကြက်ဆူပင်ကြိတ်စက်ဖြင့် ခြံစည်းရိုးကြက်ဆူစေ့များအား ကြိတ်ခွဲ၍ ဇီဝဒီဇယ်ဆီထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ခြံစည်းရိုး ကြက်ဆူကြိတ်စက်မှာ တစ်နာရီလျှင် ကြက်ဆူစေ့ တစ်တင်းမှ တစ်တင်းခွဲအထိ ကြိတ်ခွဲနိုင်ပြီး ဆီထွက်နှုန်းမှာ ကြက်ဆူစေ့ တစ်တင်းလျှင် တစ်ဂါလန်မှ ၁ ဒသမ ၅ ဂါလန်အကြား ထွက်ရှိကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ မြို့နေ ပြည်သူများအတွက် ရေပေးနိုင်ရန် တိုးချဲ့တည်ဆောက်နေသည့် သဲရေစစ်ကန်၊ ဂါလန် ငါးသိန်းဆံ့ ရေလှောင်ကန်နှင့် ရေတွန်း စက်ရုံအမှတ်(၄) တည်ဆောက်ရေးလုပ်ငန်းသို့ သွားရောက်၍ ကနဦး ရေစစ်ကန်၊ ရေတင်စက်ရုံနှင့် အနေးကျသဲရေစစ်ကန်၊ ဂါလန်ငါးသိန်းဆံ့ ရေသန့် သိုလှောင်ကန် တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့် သန့်ရှင်းမှုဌာနမှ ဌာနမှူး ဦးထွန်းကြည်က လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ ရေတိုးချဲ့ပေးဝေရေးလုပ်ငန်းရှိ ရေလှောင်ကန်အဆင့်ဆင့်တွင် မန္တလေးကျုံးရေစစ်ကန်မှ ရေများကို ရေတင်စက်ဖြင့်တင်၍ ကနဦးရေစစ်ကန်၊ အနေးကျ သဲရေစစ်ကန်များမှတစ်ဆင့် အနံ ၃၆ပေ၊ အလျားပေ ၁၈၀၊ အမြင့် ၁၂ပေရှိ ဂါလန်ငါးသိန်းဆံ့ ရေလှောင်ကန်အတွင်းသို့ ထည့်သွင်းသိုလှောင်သွားမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကလိုရင်းဆေးခတ်စက်ရုံ အဆောက်အအုံနှင့် မြင်းကောင်ရေ ၁၁၀ရှိ ရေတွန်းစက်များ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့် သန့်ရှင်းမှုဌာနမှ ဌာနမှူး ဦးထွန်းကြည်က မန္တလေးမြို့တော်၏ လက်ရှိရေပေးဝေရေးလုပ်ငန်းများကို ထပ်မံတိုးချဲ့ ရေပေးဝေနိုင်ရေးအတွက် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် တိုးချဲ့ရေပေးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရေပေးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားကြရေး မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ အဆိုပါ ရေပေးဝေရေးစက်ရုံကို မန္တလေးမြို့၏ တိုးတက်လာသော လူဦးရေအတွက် ရေကောင်းရေသန့်များ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နောက်ထပ် အိမ်ထောင်စု ၆၅၀၀ခန့်ရှိ လူဦးရေ လေးသောင်းခန့်ကို သောက်သုံးရေများ တိုးချဲ့ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်

- ❒ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ❒ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- ❒ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ❒ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ❒ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

လှူဒါန်း

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် သန္တာ(၁၇)လမ်း အောင်ဘာဝတီ စာသင်တိုက်ကြီးအတွင်း၌ ဆောက်လုပ်ဆဲ မဟာအတုလသန္တိသုခ သိမ်ဓမ္မာရုံတော်ကြီး သုံးထပ်တိုက်အတွက် အလှူငွေကျပ် ၁၂ သိန်းလေးသောင်းကို ဇန်နဝါရီ ၇ ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကေတုမတီ(၁၇)လမ်းနေ ဒေါ်အုန်းကြည် မိသားစုတို့က ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တအာသဘထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး ဦးဆောင်တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတက်ထွန်းနှင့် အတွင်းရေးမှူး ဦးကျော်တို့ထံ လှူဒါန်းစဉ်။ (က-ပ)

အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၄

နှစ်စဉ် ကန်တော့ပွဲသို့ တက်ရောက်ခဲ့ကြသော ဆရာ၊ဆရာမကြီးများနှင့် ၁၉၉၂-၉၃ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက် ၅၀ ပြည့် ဆရာ၊ဆရာမများအား ဖေဖော်ဝါရီ၁၂ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၁) တာမွေ ပင်လုံခန်းမ၌ ဆရာကန်တော့ပွဲကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာကြီး၊ဆရာမကြီးများနှင့် ကျောင်းသား၊ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြရန်နှင့် အလှူငွေများပါဝင်လှူဒါန်းလိုသော ကျောင်းသားဟောင်းများသည် ဒေါက်တာသိန်းစိုး ဖုန်း-၀၉၉၉၅၂၁၇၉၊ ကိုသက်နိုင်-မမီမီစိုး ဖုန်း-၀၉၅၁၆၃၀၀၆၊၅၄၆၉၈၈၊ ကိုအောင်ကြည် ဖုန်း-၀၉-၅၀၁၃၃၂၂၊ မမြတ်မြတ်ခိုင် ဖုန်း-၅၄၀၃၄၂၊ မနီနီလေးမြင့်နှင့် မောင်နှမများ ဖုန်း-၀၉၉၉၇၁၇၅၀၊ ကိုကျော်စိုး-မသင်းသင်းအောင် ဖုန်း-၀၉၉၉၂၈၅၃၇နှင့် ကိုစန်းမြင့် ဖုန်း-၀၉၈၀၃၂၆၇၈တို့ထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။(ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၂-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၅** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၅** ၄။ ကြည်နူးနားဆင်ပြုံးပျော်ရွှင်
- **၄:၃၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၅၀** ၆။ မျိုးချစ်တပ်မတော်
- **၅:၁၀** ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၃၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၂၅** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မုန်တိုင်းကြားက ချစ်လိပ်ပြာ" အပိုင်း (၆)**
- **၈:၀၀** ၁၅။ မဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မေးမြန်းစူးစမ်း
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (ဒုတိယတွဲ) အပိုင်း(၁၉)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၂-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၀၀ ၆။ **"မြူတိမ်ကင်းသောနေ့" ထွန်းထွန်းဝင်း၊ မင်းထက် ကျော်ဇင်၊ စိုးမိုးကြည်၊ပုလဲဝင်း) (ဒါရိုက်တာသိန်းဟန်-ဖီးနစ်)**
- ၈:၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၈။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄:၄၅ ၄။ အကပဒေသာ
- ၄:၅၅ ၅။ မြန်မာစာ၊ မြန်မာစကား
- ၅:၁၅ ၆။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၂၀ ၇။ **"မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့" (လူမင်း၊ သူသူဟံသာ၊ အိမ်အိမ်း) (ဒါရိုက်တာ-သက်တင်)**
- ၅:၂၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
- ၅:၃၀ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅:၄၅ ၁၀။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "တောတွင်းသားငယ်လေး" (အပိုင်း-၄၈)**
- ၆:၅၀ ၁၄။ အလှရှာမယ်လှကမ္ဘာဝယ်
- ၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ညီမငယ်ပါသေး" (အပိုင်း-၁၃)**
- ၇:၄၅ ၁၆။ ပြည်ထောင်စုစိတ်ဓာတ်မပြတ် ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ (ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်) (တစ်သက်တာ)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တကယ်သဘောကျတယ်" (အပိုင်း-၂၁)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် တိမ်းမှောက်ပျက်စီးသွားသည့် မော်တော်ကားတစ်စီးကို ဖေဖော်ဝါရီ၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အီရန်ကို စစ်ရေးအရ ကျူးကျော်တိုက်ခိုက်နိုင်ရေး အမေရိကန်တို့ အကြောင်းရှာနေ

ဝါရှင်တန် ဖေဖော်ဝါရီ ၃

အမေရိကန်နိုင်ငံသည် အီရန်ကို စစ်ရေးအရ ကျူးကျော်တိုက်ခိုက်လာနိုင်စေရန် အကြောင်းပြချက်များ ရှာဖွေနေပုံရကြောင်း၊ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များကို ခုခံတိုက်ခိုက်မှုများတွင် အီရန်နိုင်ငံက နောက်ကွယ်မှ အားပေးနေသည်ဟူ၍ ရေးသားဖော်ပြထားသော ထောက်လှမ်းရေးအစီရင်ခံစာတစ်စောင်ကို ယခုရက်သတ္တပတ်အတွင်း ထုတ်ပြန်ကြေညာမည်ဟု မျှော်လင့်ရကြောင်း ဖေဖော်ဝါရီ ၂ ရက် သတင်းများတွင် ဖော်ပြသည်။

သို့ရာတွင် အီရန်နိုင်ငံကို စစ်ရေးအရ တိုက်ခိုက်ရန် ရည်မှန်းချက်မရှိဟု အမေရိကန်အထက်တန်း သံတမန်တစ်ဦးဖြစ်သူ နီကိုလပ်စ်တန်းစ်က ပြောကြားသည်။

အီရတ်နိုင်ငံတွင် ရှီးယိုက်ဦးဆောင်သော အစိုးရအဖွဲ့ကို ဩဇာလွှမ်းမိုးနိုင်ရန် အီရန်နိုင်ငံက ကြိုးပမ်းနေဖွယ်ရှိကြောင်း၊ အီရန်နိုင်ငံသည် အမေရိကန်တပ်ဖွဲ့များကို ခုခံတိုက်ခိုက်နိုင်ရေးအတွက် ထောက်ခံအားပေးနေကြောင်း တန်းစ်က ပြောကြားသည်။

အီရတ်နိုင်ငံတွင် လူနည်းစုဆွန်နီတို့ကို လူများစု ရှီးယိုက်တို့က ဂိုဏ်းဂဏတိုက်ခိုက်မှုများ တိုးမြှင့်ပြုလုပ်စေရန် အီရန်နိုင်ငံက အားပေးသည့် အထောက်အထားများကို ရရှိထားကြောင်း၊ ယင်းသို့သော အထောက်အထားများ ထပ်မံရရှိနိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ မက်ကောမက်က နယူးယောက်တိုင်းမ်စ်သတင်းစာသို့ ပြောကြားသည်။

အီရတ်နိုင်ငံတွင် ဆွန်နီအာရပ် ရပ်ကွက်များကို ရှီးယိုက်တို့ တိုက်ခိုက်နိုင်စေရန် ဖောက်ခွဲရေးပစ္စည်းများ၊ မော်တာစိန်ပြောင်းများကို အီရန်နိုင်ငံက တိတ်တဆိတ် ထောက်ပံ့ပေးပို့လျက်ရှိသည်ဟု အမေရိကန်ထောက်လှမ်းရေး သတင်းရပ်ကွက်က ပြောကြားသည်။ **အင်တာနက်။**

ဖလော်ရီဒါပြည်နယ်၌ လေဆင်နှာမောင်းတိုက်ခတ်၊ ၁၉ဦး သေဆုံး

အော်လန်ဒို(ဖလော်ရီဒါ) ဖေဖော်ဝါရီ ၃

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်တစ်ဝန်း၌ သောကြာနေ့က ပြင်းထန်သည့် မိုးကြိုးမုန်တိုင်းနှင့် လေဆင်နှာမောင်း တိုက်ခတ်ခဲ့သဖြင့် လူ ၁၉ ဦးသေဆုံးကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပျက်စီး

အော်လန်ဒိုဒေသတစ်ဝိုက်မြောက်ပိုင်းရှိ ဖလော်ရီဒါအလယ်ပိုင်းတွင် အိမ်ခြေ ၅၀၀၊ အဆောက်အအုံများနှင့် ဘုရားရှိခိုးကျောင်းများ ပျက်စီးခဲ့သည်။ သို့ရာတွင် ဝေါ့ဒစ်စနေး ရုပ်ရှင်ကုမ္ပဏီနှင့် ယူနီဗာဆယ်ရုပ်ရှင် ကုမ္ပဏီတို့မှာမူ ထိခိုက်ခြင်းမရှိခဲ့ပေ။

ပိပြားနေသည့် အိမ်အပျက်အစီးအောက်တွင် ပိတ်မိနေသူများကို ကယ်ဆယ်ရေးအဖွဲ့များကရှာဖွေလျက်ရှိသည်။

ဖလော်ရီဒါပြည်နယ်တွင် လေဆင်နှာမောင်း နှစ်ကြိမ်တိုက်ခတ်ခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ။**

ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ်၌လောင်စာတင်ကားတစ်စီး မီးလောင်သဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ ရှင်းလင်းဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အိန္ဒိယနှင့်ပါကစ္စတန် ဗီဇာကန့်သတ်ချက် လျှော့ချမည်

နယူးဒေလီ ဖေဖော်ဝါရီ ၃

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ပြည်ဝင်ခွင့်ဗီဇာကန့်သတ်ချက်လျှော့ချမည့် သဘောတူညီချက်တစ်ရပ်ကို မကြာမီ လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီတွင် ကျင်းပမည့် အိန္ဒိယနှင့်ပါကစ္စတန် ပူးတွဲကော်မရှင် အစည်းအဝေးသို့ တက်ရောက်ရန် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ကာဆူရီ လာရောက်စဉ်အတွင်း အဆိုပါသဘောတူညီချက်ကို လက်မှတ်ရေးထိုးမည်ဖြစ်သည်။

တတိယအကြိမ် အိန္ဒိယနှင့်ပါကစ္စတန် ပူးတွဲကော်မရှင်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ နှစ်နိုင်ငံတာဝန်ရှိသူများသည် ဗီဇာကန့်သတ်ချက်လျှော့ချရေး သဘောတူညီချက်အပြင် နျူကလီးယားလက်နက်ဆိုင်ရာ မတော်တဆမှုလျှော့ချရေးနှင့် ဘေးအန္တရာယ်ဖြစ်ပေါ်မှု တားဆီးကာကွယ်ရေးတို့နှင့် ပတ်သက်နေသော သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးကြမည်ဟု မျှော်လင့်ရသည်။ ၎င်းပြင် သတင်းအချက်အလက် နည်းပညာ၊ ကျန်းမာရေးနှင့် စားနပ်ရိက္ခာ၊ သိပ္ပံနှင့်နည်းပညာ၊ ပညာရေး စသည့် ကဏ္ဍများတွင် ပူးတွဲဆောင်ရွက်မှု တိုးတက်မှုအခြေအနေကို သုံးသပ်ဆွေးနွေးကြမည်ဖြစ်သည်။ **အင်တာနက်။**

ဖိလစ်ပိုင်နိုင်ငံ မာကာတီမြို့၌ မြစ်ထဲသို့ ထိုးကျသွားသည့် မီးသွေးတင်ကားတစ်စီးအား ပြန်လည်ဆယ်ယူနေကြသည်ကို ဖေဖော်ဝါရီ ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပါကစ္စတန်သမ္မတ ပြန်လည်ရွေးချယ်ခံမည်

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၃

ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်သည် သမ္မတရာထူးတွင် ဆက်လက် တာဝန်ထမ်းဆောင်နိုင်ရန် ပြန်လည်ရွေးချယ် ခံမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ပါကစ္စတန်ဝန်ကြီးချုပ် ရှော်ခက်အဇစ် သဘာပတိအဖြစ် ဆောင်ရွက်သော ဝန်ကြီးအဖွဲ့ အစည်းအဝေးအပြီးတွင် ယင်းသို့ ထုတ်ပြန်ကြေညာခြင်း ဖြစ်သည်။

၁၉၉၉ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် မူရှာရက်ဖ် အာဏာရရှိလာသည်။ ၂၀၀၂ခုနှစ်တွင် ကျင်းပသော လူထုဆန္ဒခံယူပွဲအရ မူရှာရက်ဖ်ကို သမ္မတအဖြစ်ရွေးချယ် တင်မြှောက်ခဲ့သည်။

မူရှာရက်ဖ်၏ လက်ရှိ သမ္မတရာထူး သက်တမ်းမှာ နိုဝင်ဘာ ၁၅ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရာထူး သက်တမ်းမကုန်မီ အနည်းဆုံးရက် ၃၀ ကြိုတင်၍ ကျင်းပသော ရွေးကောက်ပွဲဖြင့် သမ္မတကို ပြန်လည် ရွေးချယ် တင်မြှောက်နိုင်မည် ဖြစ်သည်။ **အင်တာနက်။**

အာဖရိကနိုင်ငံများ၏ ကြွေးမြီ တရုတ်နိုင်ငံ လျှော့ချပေးမည်

ပေကျင်း ဖေဖော်ဝါရီ ၃

တရုတ်နိုင်ငံက တရုတ်–အာဖရိကဖိုရမ် အစည်းအဝေးတွင် ကတိကဝတ်ပြုခဲ့မှုကို ဖြည့်ဆည်းပေးသည့်အနေဖြင့် အာဖရိက ၃၃ နိုင်ငံတို့၏ ကြွေးမြီများ သက်သာစေရေး သဘောတူညီချက်ကို ၂၀၀၇ ခုနှစ်ကုန်ပိုင်းတွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဌာန (ကစ်အိုစီ)က ပြောကြားသည်။

တရုတ်သမ္မတ ဟူကျင်တောင်သည် အာဖရိကခရီးစဉ်အဖြစ် ကင်မရွန်း၊ လိုင်ဘေးရီးယား၊ ဆူဒန်၊ ဇမ်ဘီယာ၊ နမီးဘီးယား၊ တောင်အာဖရိက၊ မိုဇမ်ဘစ်နှင့် ဆေရှဲလ်နိုင်ငံတို့၌ ခရီးလှည့်လည်လျက်ရှိသည်။

ဖော်ပြပါ အာဖရိကနိုင်ငံများသည် ကြွေးပိနေသည့် နိုင်ငံများဖြစ်နေပြီး ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများတွင် ပါဝင်နေသည်။

လာမည့် သုံးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ သုံးဘီလီယံ ချေးငွေများကိုလည်း တရုတ်နိုင်ငံက ပေးမည်ဖြစ်ရာ ယင်းငွေများကို အခြေခံအဆောက်အအုံနှင့် နည်းပညာဆိုင်ရာ ပစ္စည်းများ ဝယ်ယူရန် အသုံးပြုနိုင်မည်ဖြစ်သည်။

အာဖရိကသမဂ္ဂအတွက် နိုင်ငံတကာ အစည်းအဝေးခန်းမ အဆောက်အအုံကို တရုတ်နိုင်ငံက ဆောက်လုပ်ပေးမည်ဖြစ်သည်။

တရုတ်နိုင်ငံက အာဖရိကနိုင်ငံများနှင့် လူ့စွမ်းအားအရင်းအမြစ်ဌာန၊ စိုက်ပျိုးရေး၊ ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှု၊ လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် ပညာရေးကဏ္ဍများတွင် လာမည့်သုံးနှစ်အတွင်း ပူးပေါင်းဆောင်ရွက်ရေး ခိုင်မာစေရန် ကြိုးပမ်းမည်ဖြစ်သည်။

ဆေးဘက်ဆိုင်ရာတွင် ချို့တဲ့မှုရှိသည့် အာဖရိကနိုင်ငံများတွင် ဆေးရုံများ ဆောက်လုပ်ပေးမည်ဖြစ်ပြီး ဖော်ပြပါနိုင်ငံ ၃၃ နိုင်ငံသို့ ငှက်ဖျားတိုက်ဖျက်ရေး ဆေးဝါးများကိုလည်း ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။ **အင်တာနက်။**

ဟန်ဂေရီရဲဌာနတွင် စာအိတ်ဗုံးပေါက်ကွဲ

ဘူဒါပက် ဖေဖော်ဝါရီ ၃

ဟန်ဂေရီနိုင်ငံတောင်ပိုင်းဒေသရှိ ပက်မြို့ရှိ ရဲဌာနတွင် ကြာသပတေးနေ့က စာအိတ်ဗုံးပေါက်ကွဲသဖြင့် ရဲအရာရှိတစ်ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့အကြီးအကဲဖြစ်သူ ဆာကိုဇီက သတင်းဌာနသို့ ပြောကြားသည်။

အဆိုပါဗုံးကို မီးခြစ်ဘူးတွင် ဝှက်ထားရာ ရဲအရာရှိတစ်ဦးက အဆောက်အအုံပြင်ပ ရဲတပ်ဖွဲ့ခြံဝင်းအတွင်း ဖယ်ရှားခဲ့ပြီးနောက် ပေါက်ကွဲခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဒေသခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ရဲဌာနသို့ လာရောက်ပြီး ခြိမ်းခြောက်ငွေညှစ်ခံရသည်ဟု တိုင်တန်းခဲ့ကြောင်း၊ တိုင်တန်းစာတစ်စောင်နှင့်အတူ စာအိတ်ဗုံးကို ထားသွားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။



အမေရိကန်၏ဒုံးခွင်းဒုံးကာကွယ်ရေးအစီအစဉ် စစ်ရေးအရလွှမ်းမိုးလိုမှုကိုဖော်ပြဟုပူတင်ဝေဖန်

မော်စကို ဖေဖော်ဝါရီ ၃

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဥရောပအလယ်ပိုင်းဒေသတွင် ထားရှိမည့် အမေရိကန်၏ ဒုံးခွင်းဒုံးကာကွယ်ရေးအစီအစဉ်များကို ဝေဖန်ပြောကြားပြီး ရုရှားက ယင်းကိစ္စအပေါ် ထိရောက်သည့် တုံ့ပြန်မှုပြုလုပ်မည်ဖြစ်ကြောင်း ကြာသပတေးနေ့က ပြောကြားသည်။ ဒုံးခွင်းဒုံးကာကွယ်ရေးအစီအစဉ်သည် အမေရိကန်၏ စစ်ရေးအရ လွှမ်းမိုးလိုမှုကို ဖော်ပြကြောင်း ၎င်းကပြောကြားသည်။

- အဆိုပြု -

ဒုံးခွင်းဒုံးစနစ်အတွက် အမေရိကန်က ချက်သမ္မတနိုင်ငံတွင် ရေဒါစနစ်ဖြန့်ကြက်ပြီး ပိုလန်နိုင်ငံ၌ ဒုံးကျည်စခန်းထားရှိရန် အဆိုပြုထားသည်။ ယင်းစခန်းများသည် ဒုံးကျည်လက်နက်များဖြင့် အီရန်က တိုက်ခိုက်လာနိုင်မှုကို ကာကွယ်ပေးနိုင်ကြောင်း အမေရိကန်စစ်ဌာနချုပ်က ပြောကြားသည်။အီရန်၏ရန်ကို ကာကွယ်ရေးအတွက် ဥရောပဒေသကို ကာကွယ်မည်ဟူသော အမေရိကန်၏ စောဒကတက်မှုများကို ပူတင်က ပယ်ချလိုက်ပြီး ယင်းဒုံးခွင်းဒုံးစနစ်သည် ရုရှားနိုင်ငံအတွက် တိုက်ရိုက်ထိခိုက် နစ်နာမှုရှိသည်ဟု ပြောကြားသည်။

အရှေ့ဥရောပတွင် ဒုံးခွင်းဒုံးစနစ်များထားရှိရန် မလိုအပ်ဟု မိမိတို့ယုံကြည်ကြောင်း ၎င်းကသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အီရန်က တာဝေးတိုက်ချင်းပစ် ဒုံးကျည်လက်နက် မပိုင်ဆိုင်ဘဲ တာလတ်ပစ်ဒုံးကျည်ကိုသာ ပိုင်ဆိုင်သည်ဟု ၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တောင်ကိုရီးယားနိုင်ငံ အင်ချွန်ဆိပ်ကမ်းလုပ်ငန်းခွင် တစ်နေရာကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါလက်စတိုင်းအုပ်စုများ အပစ်အခတ်ရပ်စဲ

ဂါဇာ ဖေဖော်ဝါရီ ၃

ပါလက်စတိုင်းပြိုင်ဘက်အုပ်စုများအကြား အပစ်အခတ်ရပ်စဲမှုမှာ ဖေဖော်ဝါရီ ၃ရက်တွင် ပဥ္စမမြောက်နေ့သို့ ရောက်ရှိလာကြောင်း၊ သို့ရာတွင် ကြိုကြားပစ်ခတ်မှုများ ရှိနေကြောင်း ဖေဖော်ဝါရီ ၃ ရက် အင်တာနက် သတင်းတွင် ဖော်ပြထားသည်။

ဟားမားစ်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဖော်ဇီဘာဟွန်းသည် ၎င်း၏သက်တော်စောင့် သုံးဦးနှင့်အတူ ဂါဇာစီးတီးအနီးတွင် ကားဖြင့်သွားလာနေစဉ် ပစ်ခတ်ခံခဲ့ရသည်။ သို့ရာတွင် အထိအခိုက်မရှိခဲ့ပေ။ ဖတာအဖွဲ့မှ စစ်သွေးကြွများသည် ဟားမားစ် ဦးဆောင်သော အစိုးရအဖွဲ့ ပြုတ်ကျစေရန် လုပ်ဆောင်လျက်ရှိသည်ဟု ဟားမားစ်တာဝန်ရှိသူများက ပြောကြားသည်။ ထိုစဉ်အတွင်း သေနတ်ဖြင့်ပစ်ခတ်ခံရမှုကြောင့်ဖတာ လှုပ်ရှားသူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ***အင်တာနက်။***



မိုတိုရိုလာကုမ္ပဏီက ထုတ်လုပ်သည့် အင်တာနက် ချိတ်ဆက်နိုင်သော V3 xx အမျိုးအစား မိုဘိုင်းလ်ဖုန်းကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၏ ဒုသမအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ အိန္ဒိယဖြစ်လာ

ပေကျင်း ဖေဖော်ဝါရီ ၃

အိန္ဒိယနိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ဒုသမအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာကြောင်း ဖေဖော်ဝါရီ၃ ရက်တွင် တရုတ်နိုင်ငံက ထုတ်ပြန်သည့် ကုန်သွယ်ရေးဆိုင်ရာ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

ရပ်တည်

ဥရောပသမဂ္ဂ(အီးယူ)သည် တရုတ်နိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်အဖြစ် ဆက်လက်ရပ်တည်နေသည်။ တရုတ်နှင့် အိန္ဒိယအပြန်အလှန် ကုန်သွယ်မှုသည် လွန်ခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၉ ဘီလီယံ အထိ စံချိန်တင်ရောက်ရှိခဲ့သည်။

ပိုငွေပြ

တရုတ်နိုင်ငံနှင့် အီးယူတို့၏ အပြန်အလှန် ကုန်သွယ်မှုသည် ၂၅ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာကာ အမေရိကန်ဒေါ်လာ ၂၇၂ ဒသမ ၃ ဘီလီယံအထိ ရှိလာသည်။ တရုတ်နိုင်ငံသည် လွန်ခဲ့သည့်နှစ်က အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်ရာတွင်ပိုငွေပြခဲ့သည်။ အိန္ဒိယနှင့် ကုန်သွယ်ရာတွင် ကုန်သွယ်ရေး ပိုငွေပြခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံသို့ ပြည်ပပို့ကုန် အမျိုးအမည်စုံလင်အောင်ပို့နိုင်ရန် လိုအပ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အဓိကတင်ပို့

တရုတ်နိုင်ငံသည် မိုဘိုင်းလ်ဖုန်း၊ ပဋိဇီဝဆေးဝါးများ၊ ကျောက်မီးသွေး၊ အထည်အလိပ်လုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများနှင့် အပိုပစ္စည်းများကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့သည်။ ***အင်တာနက်။***

အီရတ်၌ တိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၃

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့စဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့ပြီး အခြားတစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြာသပတေးနေ့၌ ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်များသည် နိုင်ငံစုံတပ်ဖွဲ့မှဖြစ်ကြပြီး အီရတ်နိုင်ငံ အနောက်ပိုင်းဒေသရှိ အန်ဘာပြည်နယ်၌ တိုက်ခိုက်ရာမှ ရရှိခဲ့သည့် ဒဏ်ရာဖြင့် ကြာသပတေးနေ့က သေဆုံးခဲ့ခြင်းဖြစ်သည်ဟု စစ်ဘက်ကြေညာချက်တွင်ပါရှိသည်။

ဒဏ်ရာရရှိ

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် ဆလာဟူဒင်ပြည်နယ်တွင် စစ်ဘက်ဆိုင်ရာ လှုပ်ရှားမှု ပြုလုပ်နေစဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု စစ်ဘက်ကြေညာချက်အရ သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လူမည်းများ ပြင်သစ်၌ ချိုးနှိမ်ဆက်ဆံခံရဟုစစ်တမ်းတွင် ဖော်ပြ

ပါရီ ဖေဖော်ဝါရီ ၃

ပြင်သစ်နိုင်ငံတွင် နေထိုင်သည့် လူမည်းထက်ဝက်ကျော်မှာ လူမျိုးရေးအရ ချိုးနှိမ်ဆက်ဆံခံရသည်ဟု ခံစားကြရကြောင်း အာဖရိကနှင့် ကာရစ်ဘီယံဒေသမှ လူမည်းများအား ပထမဆုံးကောက်ယူခဲ့သည့်စစ်တမ်းတွင် ဖော်ပြထားသည်။

ပြင်သစ်တွင် သမ္မတရွေးကောက်ပွဲမတိုင်မီသုံးလအလိုနှင့် ပြင်သစ်နိုင်ငံဆင်ခြေဖုံးဒေသတွင် လူမျိုးရေး အဓိကရုဏ်းဖြစ်ပွားပြီး တစ်နှစ်အကြာတွင် တီအင်အက်စ်ဆိုဖရက်အမည်ရှိ စစ်တမ်းကောက်ယူရေးဌာနက ယင်းလေ့လာချက်ကို ထုတ်ပြန်ခြင်းဖြစ်သည်။ လူဦးရေနှစ်သန်းခန့်ရှိ လူမည်းများအနက် ၅၆ ရာခိုင်နှုန်းက အဆင့်အတန်း ခွဲခြားမှုခံရကြောင်း ပြောကြားပြီး လူမည်း ၃၇ ရာခိုင်နှုန်းကမူ အခြေအနေ ပိုမိုဆိုးရွားလာနေသည်ဟု ယူဆကြကြောင်း အဆိုပါ လူထုသဘောထားစစ်တမ်းတွင် ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံရှိ ကုမ္ပဏီများ၏အထက်တန်းစီမံခန့်ခွဲရေး နယ်ပယ်တွင် လူမည်းများ ခန့်အပ်ခံရမှု အလွန်နည်းပါးလျက်ရှိသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ရုရှားနိုင်ငံ တီဗားဒေသရှိ ဝက်ဝံထိန်းသိမ်းစောင့်ရှောက်ရေးဌာန၌ တစ်လသားအရွယ် ဝက်ဝံသားပေါက်တစ်ကောင်ကို ဖေဖော်ဝါရီ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားစီးပွားရေး တိုးတက်ရန်ရည်မှန်း သုတေသနနှင့် တီထွင်ထုတ်လုပ်မှု အားပေးမည်

ဆိုးလ် ဖေဖော်ဝါရီ ၃

တောင်ကိုရီးယားနိုင်ငံ၌ ၂၀၀၇ခုနှစ်တွင် စီးပွားရေးတိုးတက်ရေးနှင့် အလုပ်အကိုင် ဖန်တီးရေးတို့မှာ အဓိကရည်မှန်းချက်များဖြစ်လာမည်ဖြစ်ကြောင်း စက်မှုဝန်ကြီး ကင်ယောင်ဂျူးက တနင်္လာနေ့တွင် ပြောကြားသည်။

နိုင်ငံ၏စက်မှုလုပ်ငန်း အဆောက်အအုံကို ပြုပြင်ပြောင်းလဲရန်လည်းကောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုကို မြှင့်တင်ပေးရန်လည်းကောင်း လိုအပ်လျက်ရှိကြောင်း ကင်က ပြောကြားသည်။

သုတေသနနှင့် တီထွင်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ကြိုးပမ်းမှုများကို အစိုးရအနေဖြင့် အစွမ်းကုန် အားပေးကူညီမည်ဖြစ်ကြောင်း ယင်းလုပ်ငန်းများမှာ အရင်းအနှီးများရရှိမှု၊ အလုပ်အကိုင် ဖန်တီးမှုတို့နှင့် ဆက်နွှယ်လျက်ရှိကြောင်း ကင်က သတင်းထောက်များအား ပြောကြားသည်။

တောင်ကိုရီးယားအစိုးရသည် လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်းက သုတေသနနှင့် တီထွင်ထုတ်လုပ်မှု လုပ်ငန်းများအတွက် နှစ်စဉ် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၀ဒသမ ၆၂ဘီလီယံနီးပါး ခွဲဝေသတ်မှတ်ပေးခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပခုက္ကူခရိုင် ဒေသဆန်ဖူလုံရေး၊ စိမ်းလန်းစိုပြည်ရေး ဆည်၊ ကန်၊ တမံငယ် ၇၁ခု စီမံချက်ချမှတ်ဆောင်ရွက်နေ
ရေဝေရေလဲဒေသ စိမ်းလန်းစိုပြည်ရေး၊ ရေပေးမြောင်းစနစ်များ မပျက်စီးရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်
ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် တမာရေလှောင်တမံနှင့် ဖိုးနီရေလှောင်တမံ ဖွင့်ပွဲများကျင်းပ

နေပြည်တော် 	ဖေဖော်ဝါရီ 	၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်း ဆည်မြောင်းဦးစီးဌာနက ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော တမာရေလှောင်တမံနှင့် ဖိုးနီရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားများကို ဇန်နဝါရီ ၃၁ရက် နံနက်ပိုင်းတွင် တမာရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌စတင်ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ပခုက္ကူခရိုင် ဒေသဆန်ဖူလုံရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ဆည်၊ ကန်၊ တမံငယ် ၇၁ခုကို စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် တမာနှင့် ဖိုးနီရေလှောင်တမံနှစ်ခုအပါအဝင် လုပ်ငန်းပေါင်း ၅၂ခု အကောင်အထည်ဖော်ဆောင်ရွက်ပေးပြီးဖြစ်သဖြင့် ၅၁၃၃၄ကေကို အကျိုးပြုရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် လုပ်ငန်း ၁၉ခုဖြစ်သည့် ရေစကြိုမြို့နယ်တွင် ငွေးချိုတမံ၊ ဆင်ကြိုတမံ၊ မြိုင်မြို့နယ်တွင် သဒ္ဒတ်တမံ၊ လပနတမံ၊ မင်းကန်တမံနှင့် တောင်ယမားမြောင်းသစ်၊ ပခုက္ကူမြို့နယ်တွင် စဘောတမံ၊ မကျီးသုံးပင်တမံနှင့် ဆိပ်ဖြူမြို့နယ်တွင် ရေပုတ်တမံတို့ကိုလည်း လာမည့်နှစ် ၂၀၀၇-၂၀၀၈ခုနှစ် မိုးစပါးစိုက်ရာသီအမီ ရေပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေလှောင်တမံများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ရေဝေရေလဲ ဒေသစိမ်းလန်းစိုပြည်ရေး၊ ရေပေးမြောင်းစနစ်များ မပျက်စီးရေးတို့ကို ဆည်မြောင်းတာတမံစည်းကမ်းများနှင့်အညီ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါရန် မှာကြားသည်။

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ တမာရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူကြီးများ၏ လယ်ယာမြေများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရန်ဆောင်ရွက်ပေးရာတွင် ယခင်က တစ်ဧကစပါးတင်း ၃၀ခန့်ထွက်ရှိသည့် မိုးကောင်းသောက်လယ်မြေများအား ဆည်၊ ရေလှောင်တမံများ၊ ဆည်ငယ်များ၊ မြစ်ချောင်းများ၏ ရေအရင်းအမြစ်ပေါ်အခြေခံ၍ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက် ရေစီမံကိန်းများတည်ဆောက်ပေးသဖြင့် ရေတော်မိုးတော်လယ်မြေများအဖြစ် ပြောင်းလဲကာ မျိုးလဲလှယ်မှု၊ နည်းပညာပြောင်းလဲမှုများဆောင်ရွက်ပေးနိုင်သဖြင့် ပျမ်းမျှစပါးတင်း ၁၀၀ကျော်အထိ ထွက်ရှိနိုင်ပြီဖြစ်ကြောင်း၊ ပခုက္ကူခရိုင်တွင် မြိုင်မြို့နယ်၌ သီရိနန္ဒာနှင့် သစ်ကြီးတောတမံနှစ်ခု၊ ရေစကြိုမြို့နယ်၌ မြေခဲတောင်တမံ၊ မြိုင်မြို့နယ်၌ ထွင်းမ၊ ပခုက္ကူမြို့နယ်၌ အင်းဘတ်တမံတည်ဆောက်ပေးခဲ့ကြောင်း၊ ယခုဖွင့်လှစ်သည့် တမာရေလှောင်တမံသည် နိုင်ငံတော်အစိုးရက ၁၉၈၈ ခုနှစ် နောက်ပိုင်းတည်ဆောက်ပေးလိုက်သည့် ၁၉၄ ခုမြောက် ရေလှောင်တမံစီမံကိန်းဖြစ်သကဲ့သို့ ဖိုးနီရေလှောင်တမံသည် ၁၉၅ ခုမြောက် ရေလှောင်တမံဖြစ်ကြောင်း၊ ဆိပ်ဖြူမြို့နယ်အတွင်း ထိန်ကန်နှင့် ငွေးပင်ကျေးရွာအုပ်စု နှစ်ခုရှိ လယ်မြေ ၂၂၅ ဧက အကျိုးပြုမည်ဖြစ်ကြောင်း။

ရေလှောင်တမံများ၊ ရေရှည်အကျိုးရှိရှိသုံးစွဲနိုင်ရန်နှင့် တူးမြောင်းများ ရေစီးရေလာကောင်းအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြရန် မှာကြားသည်။

ထို့နောက် ဆိပ်ဖြူမြို့နယ်မှ ဦးဟန်ငြိမ်းက ရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက တမာရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် တမာရေလှောင်တမံမုခ်ဦးကို ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်ရှိ တမာရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

တမာရေလှောင်တမံသည် ဆိပ်ဖြူမြို့နယ် တမာချောင်းကျေးရွာအနီး တမာချောင်းပေါ်၌ တည်ဆောက်ထားကာ တမံအလျားပေ ၁၆၀၀၊ တမံအမြင့် ၄၃ပေရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ၇၃၅ဧကေပေရှိကာ အကျိုးပြုဧက ၁၅၀ဖြစ်သည်။

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် ဆက်လက်ဖွင့်လှစ်မည့် ဆိပ်ဖြူမြို့နယ် ဖိုးနီရေလှောင်တမံသို့ ရောက်ရှိကြပြီး ဖိုးနီရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့သည် ဖိုးနီရေလှောင်တမံမုခ်ဦးကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဖိုးနီရေလှောင်တမံသည် ဆိပ်ဖြူမြို့နယ် ငွေးပင်ကျေးရွာအနီးရှိ ဖိုးနီချောင်းပေါ်၌ တည်ဆောက်ထားပြီး တမံအလျား ၁၀၇၅ပေ၊ တမံအမြင့် ၃၅ပေရှိကာ ကန်ရေပြည့်ရေလှောင်ပမာဏ ၂၈၆ဧကေပေရှိပြီး အကျိုးပြုဧကမှာ ၇၅ဧကဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာနေ ဒေါ်မြစိန်၏ အသက်(၇၀)ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (က-ပ)

ချစ်ကြည်ရေးခြေစမ်းပွဲကစားရန် ကိုရီးယားသမ္မတနိုင်ငံမှ ဘောလုံးအသင်းရောက်ရှိ

ရန်ကုန် 	ဖေဖော်ဝါရီ 	၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အဆင့်မြင့်တန်းကလပ်အသင်းများနှင့် ချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ University of Ulsan FC မှ Mr. Dong Young Kim ခေါင်းဆောင်သော ဘောလုံးအသင်းသည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရောက်ရှိလာကြရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ကိုရီးယားဘောလုံးအသင်းတွင် အုပ်ချုပ်မှုအဖွဲ့ဝင်လေးဦး၊ အားကစားသမား ၂၆ဦး စုစုပေါင်း အဖွဲ့ဝင် ၃၀လိုက်ပါလာကြပြီး ဖေဖော်ဝါရီ ၅ရက် ညနေ ၃နာရီခွဲတွင် ဘဏ္ဍာ/အခွန်ဘောလုံးအသင်းနှင့် လည်းကောင်း၊ ဖေဖော်ဝါရီ ၆ရက် ညနေ ၃နာရီခွဲတွင် စီးပွား/ကူးသန်းဘောလုံးအသင်းနှင့်လည်းကောင်း ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ချစ်ကြည်ရေး ခြေစမ်းဘောလုံးပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးအတွက် အလှူတော်ငွေပေးအပ်ပွဲနှင့် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီအစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးအတွက် ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲနှင့် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ အဆိုပါစေတီတော်မြတ်ကြီး၌ကျင်းပရာ ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပုဇွန်တောင်မြို့နယ်တာဝန်ခံ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း တက်ရောက်၍ အလှူရှင်များ၏လှူဒါန်းငွေများကို လက်ခံသည်။

ရှေးဦးစွာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးအတွက် ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲကို အဆိုပါစေတီတော်မြတ်ကြီး ရင်ပြင်ရှိ ဓမ္မာရုံသစ်၌ကျင်းပရာ ပရိသတ်များနှင့် အလှူရှင်များက နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စေတီတော်မြတ်ကြီး၏ သမိုင်းအကျဉ်းနှင့် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်ရွှေစင်ရွှေပြား(၉လက်မx၉လက်မ)ပတ်လည်အရွယ် အလေးချိန် တစ်ကျပ် ရှစ်ပဲသားရှိ ရွှေပြားတစ်ချပ်လျှင် တန်ဖိုးငွေကျပ်၆၅၀၀၀၀နှုန်းဖြင့် အလှူရှင်များဖြစ်ကြသည့် ခေတ္တစင်ကာပူသမ္မတနိုင်ငံနေ ဦးလှိုင်ဝင်း-ဒေါ်ခင်သန်းသန်း မိသားစုက ရွှေစင်ရွှေပြားငါးချပ်အတွက် ငွေကျပ် ၃၂၅၀၀၀၀၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်-ဒေါ်မာလာဝင်း မိသားစု၊ ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်-ဒေါ်မြင့်မြင့်ကြည် မိသားစု၊ ရုပ်ရှင်သရုပ်ဆောင် လူမင်း-ဒေါ်ခင်စံပယ်ဦး မိသားစု၊ ဦးဝင်းဆွေ-ဒေါ်မင်းသွယ်နုတို့အားအမှူးထား၍ရုပ်ရှင်သရုပ်ဆောင် ခန့်စည်သူ၊ ထားဝယ်ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးမှ ဦးစိုးသန်း-ဒေါ်မာမာစိုး မိသားစု၊ မေတ္တာရောင်ပြန် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးတင်အောင်-ဒေါ်ရီရီဌေး မိသားစုနှင့် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်နေ ဦးအေး (မောင်အေးကဖီး) မိသားစုတို့က ရွှေစင်ရွှေပြားတစ်ချပ်စီအတွက် ငွေကျပ် ၆၅၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီးအလှူရှင်များအားထုတိမင်္ဂလာဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသည့် ဦးမောင်မောင်ဦး-နန်းစံဟွမ် (စနိုးဝှိုက် ရုပ်ရှင်မိသားစု)၊ ဦးဝင်းကြည်-ဒေါ်ယဉ်(စိန်ဌေးဗီဒီယိုမိသားစု)၊ ဦးသောင်းညွန့်-ဒေါ်သောင်းသောင်း (သိင်္ဂီရွှေဝါ ပိုးထည်တိုက်) မိသားစု၊ ဦးဝင်းထွန်းဦး-ဒေါ်ဆယ်ဆယ် (သိင်္ဂီရွှေဝါ ပိုးထည်တိုက်) မိသားစု၊ မိဘနှစ်ပါးအား ရည်စူး၍ ကြီးအောင်ချမ်းသာ ပရိဘောဂမှ မောင်နှမတစ်စု၊ ဦးရတ်နမ်-ဒေါ်မာရီမာ မိသားစု၊ ဦးသန်းအောင်-ဒေါ်အေးအေး မိသားစု၊ မင်္ဂလာကုမ္ပဏီလီမိတက်မှ ဦးဇော်မင်း-ဒေါက်တာဒေါ်တင်မြင့် မိသားစု၊ ဦးတင်ဝင်းသျှင်-ဒေါ်ခင်လေးသိမ့်၊ သမီးရုပ်ရှင်ဒါရိုက်တာ ကြည်ဖြူရှင် (မဟာထွန်း ရုပ်ရှင်မိသားစု)၊ နန်းဝင်းပတ္တမြား တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဒေါက်တာထွေးထွေးကြည်၊ ဒေါက်တာသင်းနွယ်ဝင်း မိသားစု၊ စမ်းချောင်းမြို့နယ်နေ ဦးခင်မောင်ဝင်း-ဒေါ်စုစုဝင်း မိသားစု၊ ပုဇွန်တောင်မြို့နယ်နေ ဦးယုလှိုင်-ဒေါ်နီနီချို မိသားစု၊ ပုဇွန်တောင်မြို့နယ် ရေကျော်ရပ်ကွက်နေ ဦးကျော်စွာမြင့်-ဒေါ်မော်မော်လှိုင် မိသားစု၊ ဗိုလ်တထောင်မြို့နယ်ဗိုလ်မြတ်ထွန်းလမ်းနေ ဦးအောင်စိုး-ဒေါ်လှလှဝင်း မိသားစု၊ ကျောက်တံတားမြို့နယ် ဦးရပ်ချ်ကပူး-ဒေါ်နုနုရီ မိသားစု၊ မြန်မာ့အလှ ဆောက်လုပ်ရေးမှဦးကျော်ခိုင်-ဒေါ်ခင်ခင်အေး မိသားစု၊ ရန်ကုန်မြို့ (၅၆)လမ်းနေ ဦးမောင်သောင်း-ဒေါ်ခင်အေးမူ မိသားစု၊ ဗိုလ်တထောင်မြို့နယ် (၄၇)လမ်းနေ ဒေါ်တင်အေးမိသားစု၊ ပုဇွန်တောင်မြို့နယ် (၅၆)လမ်းနေ ဒေါ်ခင်အေးမူနှင့် မြိတ်မြို့ မြစ်ငယ်ရပ်နေ ဒေါ်အံမိသားစုနှင့်ကျန်အလှူရှင်များက ရွှေစင်ရွှေပြားတစ်ချပ်စီအတွက် ငွေကျပ်၆၅၀၀၀၀စီတို့ကို လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးဖိုးဇော်- ဒေါ်ဇင်ဇင်မြင့် မိသားစုက ရွှေစင်ရွှေပြားနှစ်ချပ်အတွက် ငွေကျပ်၁၃သိန်းကို လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးဗဟိုဦးစီးကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်တို့က လက်ခံကြပြီး အလှူရှင်များအား ထုတိမင်္ဂလာ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပရိသတ်များနှင့် အလှူရှင်များက ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်းပြီး အလှူငွေပေးအပ်ပွဲကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ပထမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ၄၇ဦးတို့၏ ရွှေစင်ရွှေပြား ၅၂ ချပ်အတွက် စုစုပေါင်း လှူဒါန်းငွေမှာ ငွေကျပ် ၃၃၈ သိန်းဖြစ်သည်။

ဆက်လက်၍ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ အစည်းအဝေးကို အဆိုပါစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓစက်တော်ရာတန်ဆောင်း၌ကျင်းပရာ ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

ထို့နောက် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က မိမိတို့၏ ကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ စေတီတော်မြတ်ကြီးအား ယခုထက်ပိုမို ကြည်နူးသပ္ပာယ်စွာ ဖူးမြော်နိုင်ရေးအတွက် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းများကို သတ်မှတ်ချိန်ဖြစ်သည့် မိုးမကျမီ ပြီးစီးရေးကို ကြိုးပမ်းဆောင်ရွက်ကြရန်၊ လုပ်ငန်းများကို လုပ်ဆောင်ရာတွင် အလေအလွင့်ပြုန်းတီးမှု မရှိစေရေးနှင့် မီးကြိုးများ သွယ်တန်းရာတွင်လည်း အန္တရာယ်ကင်းရှင်းရေးကို တာဝန်ရှိသူတို့က အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်ကြရန်၊ ပြုပြင်မွမ်းမံပြင်ဆင်ရာတွင်လည်း မူလမြန်မာမှုရှေးဟောင်းအနုပညာလက်ရာများကို မပျောက်မပျက်စေဘဲ အကောင်းဆုံးဖြစ်အောင် ပြုပြင်မွမ်းမံပြင်ဆင်ကြရန်တို့ကို ဆွေးနွေးမှာကြားကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး စတုတ္ထအကြိမ်ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၂-၂၀၀၇ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အသေလှတဲ့သူ တရားတော် (အပိုင်း-၁)(အရှင်ဆန္ဒာဓိက)
၇း၅၅	အရည်အချင်းနှင့် စွမ်းရည်ကောင်း မြန်မာနိုင်ငံသစ်တောကျောင်း
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	ပျော်ရွှင်စရာပီတိအလှူ
၈း၄၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၅	စေတနာအပေါင်း ခညောင်းဝေဆာ စားသောက်ဖွယ်ရာကမ္ဘာ
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၅	တစ်ကိုယ်ရေကျန်းမာ သန့်ရှင်းရေး အစဉ်သုံးပေး ဆပ်ပြာမွှေး
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅	စွမ်းအင်တို့ရဲ့နှီးစက် (ကခုန်ခြင်းနှင့်အားကစား)
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	Movie Talk(အော်စကာဆု) (ဒေါက်တာဇော်သန်း၊ အကယ်ဒမီဦးထွန်းလှိုင်)
၁၂း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀	ဆွာချောင်းရေလှောင်တမံ
၁၂း၃၀	မိုးလေဝသခန့်မှန်းချက်
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	သစ်ခွ
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပုလောမြို့နယ်အသင်း ရွှေရတုသဘင်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက ကမာရွတ်မြို့နယ်ရှိ Lion City စားသောက်ဆိုင်၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းဦးဆောင်နာယက ဦးပေါ်နိုင်က အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ သုဓမ္မဇောတိကဓဇ၊ သီရိသုဓမ္မဇောတိကဓဇ ဦးမောင်လှက ရွှေရတုသဘင် ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် သက်ကြီးပူဇော်ပွဲအဖြစ် အဘိုးအဘွားဖိုးဦးအား ပူဇော်ကန်တော့၍ ပါရဂူဘွဲ့ရနှစ်ဦးနှင့် ပညာရည်ချွန်ဆုရကျောင်းသားကျောင်းသူ ၄၄ ဦးအား အသင်းဥက္ကဋ္ဌနှင့်အမှုဆောင်များက ဆုများချီးမြှင့်ပေးအပ်ကြသည်။ (က-ပ)

ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက်ကွယ်လွန်သူအဘိုးပန်းတနော် ဦးအေးမောင်-အဘွားဒေါ်ခင်စိန်တို့အားရည်စူးပြီး မိခင်ကြီးဒေါက်တာဒေါ်လှမြိုင်အား အမှူးထား၍ ဗဟန်းမြို့နယ်သံလွင်လမ်းမှ ကိုကျော်ကျော်သန့်-မအိအိခင် မိသားစုက အလှူငွေကျပ်ငါးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သင်းထံပေးအပ်လှူဒါန်းစဉ်။(ကြေးမုံ)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

တွေ့ဆုံဆွေးနွေးရေး၊ တွေ့ဆုံဆွေးနွေးရေးဟု. . .ဆိုကာ (၁)

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရေး ရည်ရွယ်ချက်ဖြင့် အမေရိကန်နှင့် ဗြိတိန်တို့ပူးပေါင်းပြီး ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက် (Resolution) မူကြမ်း တင်သွင်းခဲ့ပါသည်။

အဆိုပါဆုံးဖြတ်ချက်မူကြမ်းတွင် အမေရိကန်နှင့်ဗြိတိန်တို့ အဓိကတောင်းဆိုထားသည့်အချက်မှာ မြန်မာနိုင်ငံ၌ စစ်မှန်သော ဒီမိုကရေစီပြောင်းလဲမှုဖြစ်ပေါ်ရေးအတွက် "တွေ့ဆုံဆွေးနွေးမှုတစ်ရပ်ကို အမြန်ဆုံးဆောင်ရွက်ရန်" ဟူ၍ဖြစ်ပါသည်။

အမေရိကန်နှင့်ဗြိတိန်တို့၏ အဆိုပါတောင်းဆိုချက်သည် NLD နှင့်အပေါင်းပါများ၊ ပြည်ပြေးများ၊လက်ကျန်သောင်းကျန်းသူများ တစာစာတောင်းဆိုနေသည့် တွေ့ဆုံဆွေးနွေးရေး(Dialouge)၊ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးဆိုသည်များနှင့် ဒီပုတ်ထဲကဒီပဲ တစ်လေသံတည်းဖြစ်နေကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ၎င်းတို့သဲကြီးမဲကြီး တောင်းဆိုနေကြသည့် တွေ့ဆုံဆွေးနွေးမှုဆိုသည်ကိုမလုပ်ခဲ့၍လား၊ လုပ်ခဲ့လျှင်လည်း မည်မျှအတိုင်းအတာအထိ လုပ်ဆောင်ခဲ့သည်ကို ပြန်လည်လေ့လာဆန်းစစ်ကြည့်ရန် လိုအပ်လာပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံရေးခရီးလမ်းတွင် ကိုယ်တိုင်ပါဝင်ဖြတ်သန်းလျက်ရှိပြီး အတွေ့အကြုံဗဟုသုတများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြသော ဘကြီးစိုးနှင့် ကြီးကြီးမြတို့ထံ မေးမြန်းဆွေးနွေးရန် ကျွန်တော်ရောက်ရှိသွားခဲ့ပါသည်။ ဘကြီးစိုးသည် တက္ကသိုလ်တွင် ပါမောက္ခအဆင့်အထိတာဝန်များထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသည့်တိုင် အမျိုးသားညီလာခံတွင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၌ ပါဝင်တက်ရောက်နေသူဖြစ်ပါသည်။ ကြီးကြီးမြကလည်း အထက်တန်းကျောင်းအုပ်အဖြစ်မှ သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါသည်။

ကြီးကြီးမြ။ လာဟေ့–မောင်ကျော်၊ မင်းဘကြီး စာကြည့်ခန်းထဲမှာ ရှိတယ်။ မနေ့တစ်နေ့ကတောင် မင်းကိုမေးနေသေးတယ်။

စိုးမြကျော်။ ဒါဆို ကျွန်တော်ဘကြီးနဲ့ သွားတွေ့လိုက်ဦးမယ်။

ကြီးကြီးမြ။ အေးအေး၊ ကြီးကြီး စားစရာ သောက်စရာလေးတွေ စီစဉ်ပြီးလာခဲ့မယ်။

ဘကြီးစိုး။ မောင်ကျော်တစ်ယောက် အလုပ်တွေများနေတယ်ထင်တယ်။ ပြီးခဲ့တဲ့ဒီဇင်ဘာ ၂၉ရက်အမျိုးသားညီလာခံခေတ္တရပ်နားချိန်ကစပြီး မတွေ့ရတော့ဘူး။

စိုးမြကျော်။ ဟုတ်ကဲ့ပါဘကြီး။ ကျွန်တော်လဲ အကြောင်းရှိမှ ပေါ်လာသလို ဖြစ်နေပြီ။

ဘကြီးစိုး။ ရပါတယ်ကွယ်။ အကြောင်းရှိတိုင်း အကျိုးရှိအောင်လို့ သက်ကြီးစကား သက်ငယ်ကြားဆိုသလို ဘကြီးတို့ဆီလာရောက်မေးမြန်းဆွေးနွေးနေတာ မင်္ဂလာတရားနဲ့ လျော်ညီပေတယ်။

စိုးမြကျော်။ အကြောင်းကတော့ဒီလိုပါဘကြီး၊ ဘကြီးလဲ ကြားသိဖတ်ရှုပြီးဖြစ်ပါလိမ့်မယ်။ အမေရိကန်နဲ့ဗြိတိန်တို့ ပေါင်းပြီး လုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်ချမှတ်အရေးယူနိုင်ဖို့ အဆိုပြုချက်မူကြမ်းတင်သွင်းခဲ့တဲ့ကိစ္စပါပဲ။

ကြီးကြီးမြ။ ကဲ–အမောပြေအောင် အအေးလေးသောက်လိုက်ဦး။

ဘကြီးစိုး။ အမေရိကန်နဲ့ ဗြိတိန်တို့ လုံခြုံရေးကောင်စီမှာတင်တဲ့ကိစ္စက အစကတည်းကရှင်းနေတာပဲကွယ်။ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စသက်သက်ကို မဆီမဆိုင် လုံခြုံရေးကောင်စီထဲဆွဲသွင်းနေတာဖြစ်လို့ Agenda တင်ကတည်းကိုက အားလုံးကဝိုင်းပြီး ကန့်ကွက်ခဲ့ကြတယ် မဟုတ်လား။

ကြီးကြီးမြ။ နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေကရော၊ အမှန်တရားနဲ့ တရားမျှတမှုကို လိုလားကြတဲ့ နိုင်ငံတွေကရော ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ကြီးကပါ ဝိုင်းပြီး ဆန့်ကျင်ကန့်ကွက်ခဲ့ကြတယ်လေ။

စိုးမြကျော်။ မှန်ပါတယ်ခင်ဗျာ။ Agenda တင်တုန်းက ဆန့်ကျင်ကန့်ကွက်ခဲ့ကြသလို အခုဆုံးဖြတ်ချက် (Resolution) မူကြမ်းတင်တော့လဲ အားလုံးက ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါတယ်။ လုံခြုံရေးကောင်စီမှာ မကြုံစဖူး ဗီတိုအာဏာ (Double Veto) သုံးပြီးတော့တောင် ပယ်ချခဲ့ပါတယ်။

ဘကြီးစိုး။ ဒါဟာ လောကနိယာမအတိုင်းအမှန်တရားက နောက်ဆုံးအောင်ပွဲခံသွားတာပဲကွယ့်။

ကြီးကြီးမြ။ ဟုတ်တယ်ကိုစိုး။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး သူတို့အကြောင်းပြ စွပ်စွဲထားတာတွေအားလုံး တစ်ခုမှ မှန်တာမပါဘူး။ သတင်းစာနဲ့ရုပ်မြင်သံကြားမှာ အချက်အလက် အထောက်အထားတွေနဲ့တကွ နှိုင်းယှဉ်ချိန်ထိုးကြည့်နိုင်ဖို့ ထုတ်လွှင့်ဖော်ပြတာကို ဖတ်ရကြားရတော့မှ သူတို့ရဲ့စွပ်စွဲချက်တွေဟာ အမှန်တရားနဲ့ ဘယ်လောက်ကင်းကွာနေတယ်ဆိုတာ တွေ့ရတယ်။

ဘကြီးစိုး။ ဒါဟာ ဆိုရေးရှိကဆိုအပ်စွဆိုတဲ့အတိုင်း ကြောင်းကျိုးဆက်စပ်ပြီး အမှန်တရားကို ပြန်ကြားပေးတာမို့ နိုင်ငံတကာကရော ဒို့ပြည်သူတွေပါ အပ်ကျမပ်ကျ ပိုပြီးသိလာရလို့ အကျိုးရှိပါတယ်ကွယ်။

စိုးမြကျော်။ မှန်ပါတယ်ဘကြီး၊ အခု ကျွန်တော်လာတဲ့ အကြောင်းရင်းကလဲ အမေရိကန်နဲ့ ဗြိတိန်တို့က မမှန်ကန်တဲ့ အကြောင်းပြစွပ်စွဲချက်တွေနဲ့ သိုင်းဝိုင်းပြီး တင်သွင်းတဲ့ ဆုံးဖြတ်ချက်မူကြမ်းထဲမှာ အသားလိုလို့ အရိုးတောင်းထားတဲ့ အဓိကတောင်းဆိုချက်နဲ့ ပတ်သက်လို့ပါပဲ။

ကြီးကြီးမြ။ ကြီးကြီးသိပြီ မောင်ကျော်ရေ။ **၁၉၉၅ ခုနှစ်ကတည်းက တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေး ဘယ်ဟာရွေးမလဲဆိုတဲ့ အမေရိကန်ပါးစပ် အငှားတပ်ပြီး ခြိမ်းခြောက် ပြောကြားခဲ့တဲ့ ဒေါ်စုကြည်ရဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာပဲ မဟုတ်လား။**

စိုးမြကျော်။ ဟုတ်ကဲ့ပါကြီးကြီး။ အမေရိကန်နဲ့ဗြိတိန်တို့ ဆုံးဖြတ်ချက်မူကြမ်းထဲမှာ ရေးထားတဲ့အတိုင်း ပြောရမယ်ဆိုရင် "မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီ ပြောင်းလဲဖြစ်ပေါ်စေရေးအတွက် နိုင်ငံခေါင်းဆောင်များ၊ လူနည်းစုတိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များအပါအဝင် သက်ဆိုင်သူအားလုံး ပါဝင်သည့် နိုင်ငံရေးအလေးအနက်စေ့စပ်ဆွေးနွေးမှုတစ်ရပ်ကို နှောင့်နှေးခြင်းမရှိဘဲ စတင်ပြုလုပ်ရန် မြန်မာနိုင်ငံအစိုးရအား တောင်းဆိုကြောင်း"လို့ ဆိုထားတာ တွေ့ရပါတယ်။

ဘကြီးစိုး။ မင်းကြီးကြီးပြောသလို **၁၉၉၅ခုနှစ်အတိုင်း တွေ့ဆုံဆွေးနွေးရေးတောင်းဆိုနေတာပါပဲ။ ဒီနေရာမှာ တွေ့ဆုံဆွေးနွေးရေးနဲ့တွဲပြီး ဒေါ်စုကြည် ၁၉၉၅ ခုနှစ် ကတည်းက ပြောခဲ့တဲ့အလုံးစုံပျက်သုဉ်းရေးဆိုတာကို ပြည်သူလူထုက နားခါးနေတာကြောင့် အလုံးစုံပျက်သုဉ်းရေးဆိုတဲ့နေရာမှာ လုံခြုံရေးကောင်စီမှ အရေးယူဒဏ်ခတ်ရေးဆိုတဲ့ သံတူကြောင်းကွဲ စကားလုံးကို တစ်ဖက်လှည့်နဲ့သုံးလိုက်တာပါ။**

စိုးမြကျော်။ ကျွန်တော်သဘောပေါက်ပြီဘကြီး။ ၁၉၉၅ခုနှစ်မှာ အမေရိကန်က သူ့ပါးစပ်ကို ဒေါ်စုကြည်မှာတပ်ပြီး တွေ့ဆုံ ဆွေးနွေးရေးနဲ့အလုံးစုံပျက်သုဉ်းရေး ကြိုက်ရာရွေးလို့ ခြိမ်းခြောက်ခဲ့တယ်။ အခု ၂၀၀၇ ခုနှစ်မှာ အမေရိကန်က သူ့ပါးစပ်ကို လုံခြုံရေးကောင်စီမှာ တပ်ပြီး တွေ့ဆုံဆွေးနွေးရေးနဲ့ အရေးယူဒဏ်ခတ်ရေး ကြိုက်ရာရွေးလို့ ရာဇသံပေးဖို့ လုပ်လိုက်တာပဲမဟုတ်လား ဘကြီး။

ကြီးကြီးမြ။ မှန်လိုက်လေကွယ်။ **အမေရိကန်၊ ဒေါ်စုကြည်၊ NLDနဲ့ အပေါင်းပါတွေရဲ့ ဖုံးကွယ်လှည့်စားထားတဲ့ အဲဒီနိုင်ငံရေးနည်းပရိယာယ်တွေကို ဒို့တစ်တွေအားလုံး တိမ်သလာမဖုံးဘဲ ခွဲခြမ်းစိတ်ဖြာ လေ့လာနိုင်မှ တန်ကာကျလိမ့်မယ်ကွယ့်။**

စိုးမြကျော်။ ဒါကြောင့်မို့ သူတို့ကျားကုတ်ကျားခဲသဲကြီးမဲကြီး တောင်းဆိုနေတဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာနဲ့ ပတ်သက်ပြီး နိုင်ငံတော်အစိုးရဘက်က တာဝန်သိသိအမျိုးသားရေးသစ္စာရှိရှိနဲ့ ဘယ်လိုကြိုးပမ်းဖော်ဆောင်ပေးခဲ့ တယ်ဆိုတာကို ပြည်တွင်းကရော ပြည်ပကပါ ဂဃနဏ ပိုမိုသိရှိရအောင် ဘကြီးတို့၊ ကြီးကြီးတို့ ဖြတ်သန်းလာခဲ့ရတဲ့ အတွေ့အကြုံသာဓကတွေနဲ့ ဆွေးနွေးပေးစေလိုပါတယ်။

ဘကြီးစိုး။ တပ်မတော်ဟာ ၁၉၈၈ခုနှစ် နိုင်ငံ့တာဝန်ယူချိန်မှစပြီး ဒို့မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်နေခဲ့ရခြင်းအကြောင်းရင်းတွေကို လေ့လာသုံးသပ်ခဲ့တယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ တစ်နည်းအားဖြင့် အမျိုးသားပြန်လည်သင့်မြတ်မှုဆိုတဲ့အုတ်မြစ် ခိုင်ခိုင်မာမာချပြီး ဆောင်ရွက်မှသာ နိုင်ငံခေတ်မီဖွံ့ဖြိုး တိုးတက်အောင် တစ်ဆင့်တည်ဆောက်နိုင်မယ်ဆိုတာ တွေ့ရှိခဲ့တယ်။

ကြီးကြီးမြ။ ဒါကြောင့်မို့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေး မူဝါဒအဖြစ် ချမှတ်ပြီး မြေပေါ်မြေအောက်နိုင်ငံရေးအင်အားစုတွေအပါအဝင် တစ်မျိုးသားလုံး မမိုတ်မသုန်ပါဝင်ပူးပေါင်း ကျင့်သုံးနိုင်ဖို့ စည်းရုံးတိုက်တွန်းခဲ့တယ်။ လက်တွဲခေါ်ဆောင်ခဲ့တယ်ကွယ့်။

ဘကြီးစိုး။ လက်ငင်းလက်တွေ့ ဖော်ဆောင်ကျင့်သုံးတဲ့အနေနဲ့ တိုင်းရင်းသားအချင်းချင်းဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းပပျောက်အောင် ၁၉၈၉ခုနှစ်မှစပြီး တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုတွေ မရပ်မနားပြုလုပ်ခဲ့တယ်။

စိုးမြကျော်။ ဟုတ်ပါတယ်ဘကြီး။ အမျိုးသားပြန်လည်သင့်မြတ်ရေး တွေ့ဆုံဆွေးနွေးပွဲတွေအနက် ပထမဆုံးရရှိတဲ့ ငြိမ်းချမ်းရေး အောင်ပွဲကတော့ ၃၁–၃–၁၉၈၉ရက်နေ့မှာ ကိုးကန့်တိုင်းရင်းသားတွေ ဗကပအဖွဲ့မှခွဲထွက်ပြီး မြန်မာလူမျိုးစုများ ဒီမိုကရေစီမဟာမိတ်တပ်ပေါင်းစုအမည်နဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့တာပါပဲ။

ကြီးကြီးမြ။ နောက်တစ်လခန့်အတွင်း ၉–၅–၁၉၈၉ရက်နေ့မှာပဲ"ဝ" တိုင်းရင်းသားတွေကလဲ ဗကပမှ ခွဲထွက်ပြီး မြန်မာပြည် အမျိုးသားသွေးစည်းညီညွတ်ရေးပါတီအမည်နဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့တယ်လေ။

ဘကြီးစိုး။ အကျဉ်းရုံးပြီးပြောရရင်တော့ ၃၀–၆–၁၉၈၉ရက်နေ့မှာ ရှမ်းနဲ့အခါ တိုင်းရင်းသားတွေပါဝင်တဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းလားဒေသမှ ဗကပတပ်မဟာ (၈၁၅)နဲ့ ၁၅–၁၂–၁၉၈၉ရက်နေ့မှာ လောင်ဝေါ်နဲ့လာချိတ် တိုင်းရင်းသားတွေပါဝင်တဲ့ ကချင်ပြည်နယ် မေခအရှေ့ ခြမ်းမှ ဗကပအမှတ်(၁၀၁)စစ်ဒေသတို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပဲ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြတယ်။

စိုးမြကျော်။ ဒါဆို တစ်နှစ်အတွင်းမှာပဲ ဗကပလက်အောက်ကနေ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ အားလုံး ခွဲထွက်ပြီး ငြိမ်းချမ်းရေးရယူခဲ့ကြတာပေါ့နော်။

ဘကြီးစိုး။ မှန်ပါတယ်။ **အဲဒီလို ငြိမ်းချမ်းရေးအောင်ပွဲ ရရှိခဲ့တဲ့ အကျိုးတရားမှာ အခြေခံ အကြောင်းတရားသုံးခုရှိနေကြောင်း ဘကြီးတို့ဖော်ထုတ်ရရှိခဲ့ကြပါတယ်။**

စိုးမြကျော်။ အားလုံးအတွက် နမူနာယူစရာမို့ ရှင်းပြပေးပါဦးဘကြီး။

ဘကြီးစိုး။ **ပထမအခြေခံအကြောင်းတရားကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ အမျိုးသားရေးအကျိုးစီးပွားအပေါ်မှာ နှစ်ဦးနှစ်ဖက်စလုံးရဲ့ ရပ်တည်ချက်ချင်း တူညီနေကြလို့ပဲကွယ့်။**

စိုးမြကျော်။ နောက်အခြေခံအကြောင်းတရားနှစ်ခုက ဘာတွေများလဲ ဘကြီး။

ဘကြီးစိုး။ **ဒုတိယအကြောင်းရင်းက ပြည်ပပယောဂနဲ့ ပြည်ပစွက်ဖက်မှု ကင်းရှင်းခဲ့လို့ပဲဖြစ်တယ်။ တတိယအကြောင်းရင်းက ပုဂ္ဂိုလ်စွဲ၊ဝါဒစွဲ၊ပါတီစွဲမပါဘဲအမျိုးသားရေးမူဝါဒအပေါ်အခြေခံပြီး တွေ့ဆုံဆွေးနွေးခဲ့ကြလို့ပဲဖြစ်တယ်။**

ကြီးကြီးမြ။ ၁၉၈၈ခုနှစ်မတိုင်မီက ဗကပနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေ အကြိမ်ကြိမ်လုပ်ခဲ့ဖူးတာကို ကြီးကြီး ပြန်ပြီး အမှတ်ရနေမိတယ်။ ဗကပနိုင်ငံရေးသမားတွေက တွေ့ဆုံဆွေးနွေးမှုကို ခုတုံးလုပ် အမြတ်ထုတ်ဖို့ပဲ အသုံးချခဲ့ကြတာမို့ နိုင်ငံနဲ့လူမျိုးအတွက် အကျိုးရလဒ်ကောင်း ဘာတစ်ခုမှ ထွက်ပေါ်မလာခဲ့ဘူး။

စိုးမြကျော်။ **အခုတပ်မတော်အစိုးရနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ တွေ့ဆုံဆွေးနွေးမှုက ပြည်တွင်းရေးပြဿနာကို အမျိုးသားရေးအခြေခံနဲ့ ညှိနှိုင်းဖြေရှင်းခဲ့ကြတာမို့ ငြိမ်းချမ်းရေးအောင်ပွဲ ရရှိခဲ့တာပဲနော် ဘကြီး။**

ဘကြီးစိုး။ အမှန်ဆုံးပေါ့ကွယ်၊ တကယ်လို့သာ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုမပြုဘဲ ဗကပဗဟိုက နိုင်ငံရေးသမားတွေနဲ့သာ တွေ့ဆုံ ဆွေးနွေးခဲ့မယ်ဆိုရင် ဒို့နိုင်ငံဟာ ဟိုအရင်ကလိုပဲ လက်နက်ကိုင်ပဋိပက္ခဝဲသြဃအတွင်း ဒုံရင်းဒုံရင်းနဲ့ သက်ဆင်းနေရမှာအမှန်ပဲ။

ကြီးကြီးမြ။ အဲဒီတွေ့ဆုံဆွေးနွေးပွဲရဲ့ အကျိုးဆက်အဖြစ် ဒို့တိုင်းရင်းသား ပြည်သူတွေ ငြိမ်းချမ်းခြင်းရဲ့အရသာနဲ့ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေကို ရရှိခံစား နေနိုင်ကြတာ ဘယ်လောက်ကြည်နူးချမ်းမြေ့ဖို့ ကောင်းလိုက်သလဲ။

စိုးမြကျော်။ တပ်မတော်အစိုးရရဲ့ စိတ်ရင်းစေတနာအမှန်နဲ့ ဖြူစင်တဲ့ တွေ့ဆုံ ဆွေးနွေးမှုတွေကြောင့် အခုဆိုရင် တိုင်းရင်းသားလက်နက်အဖွဲ့ကြီး ၁၇ဖွဲ့နဲ့ အဖွဲ့ငယ် အများအပြား ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ငြိမ်းချမ်းရေးတည်ဆောက်ခဲ့ကြတာကို ဝမ်းမြောက်ဖွယ်တွေ့ရှိနေရပါတယ်။ တချို့အဖွဲ့တွေဆိုရင် လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးအပိုင် လဲလှယ်ခဲ့ကြတဲ့အထိ အကျိုးဆက်ကောင်းတွေ ဖြစ်ပေါ်နေပါတယ်။

ဘကြီးစိုး။ ဒါပေါ့ကွယ်။ စေတနာမှန်သော ကံတရားဆိုတဲ့ စကားနဲ့အညီ မှန်ကန်သောကြိုးပမ်းအားထုတ်မှုရဲ့ ရလဒ်ကောင်း

တွေကို ဒို့တိုင်းရင်းသား [illegible]
ရရှိခံစားကြရမှာ မလွဲဧကေ [illegible]

စိုးမြကျော်။ ဒါနဲ့ဘကြီး၊ အဲဒီလိုလက်နက် [illegible]
ငြိမ်းချမ်းရေးရရှိအောင် တွေ့ [illegible]
ဖော်ဆောင်ခဲ့သလို နိုင်ငံရေး [illegible]
အစိုးရဘက်က ကြိုးပမ်းအား [illegible]

ဘကြီးစိုး။ လုပ်ခဲ့ပါသော်ကောကွယ်၊ [illegible]
မြေပေါ်နိုင်ငံရေး အင်အားစု [illegible]
နိုင်ငံရေးသမားတွေနဲ့ တွေ့ [illegible]
ကြိမ် အထပ်ထပ်မရပ်မနား [illegible]
ခေတ်သမိုင်းက မှတ်တမ်း [illegible]

စိုးမြကျော်။ ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး။ တပ်မတော်က ၁၉၈၈ [illegible]
ပြိုကွဲပျက်စီးမယ့် အရေးကို [illegible]
မလွှဲမရှောင်သာဘဲ နိုင်ငံတော [illegible]
အဲဒီအချိန်ကစပြီး နိုင်ငံရေး [illegible]
တွေက တပ်မတော်ကို ရန်သူ [illegible]
ထိုးနှက်မှုတွေ လုပ်လာခဲ့ [illegible]

စိုးမြကျော်။ ဘယ်လိုဖြစ်သွားကြတာလဲ [illegible]
နှစ်ပေါင်း ၄၀ တိုင်တိုင် [illegible]
တောတွင်းလက်နက်ကိုင်အ [illegible]
ကြုံကြိုက်လာခိုက်မှာ တပ်မ [illegible]
ထားပြီး မဟာမိတ်လိုပူးပေါ [illegible]
လား။ ဘာဖြစ်လို့ အဲဒီ [illegible]
တပ်မတော်ကို မိတ်ဆွေလို၊ [illegible]
မထားနိုင်ရတာလဲ ဘကြီး။

ဘကြီးစိုး။ အဓိကအချက်ကတော့အာ [illegible]
ဇောနဲ့ ပြည်ပအားကိုးမှု [illegible]
အရှိန်လွန်သွားတာနဲ့အမျ [illegible]
ချောက်ထဲမှ ရပ်သေးရပ်လို [illegible]
အသုံးတော်ခံနေရလို့ပဲ ဖြစ် [illegible]

ကြီးကြီးမြ။ ကြီးကြီးမှတ်မိသေးတယ်။ ၁ [illegible]
နဲ့ NLD ဟာ တပ်မတော် [illegible]
ထားပြီး **အမိန့်ဟူသမျှဖီဆန် [illegible]**
ကျင်ရေး၊ ပြည်ပအားကိုးရေ [illegible]
ပြောကြားပြီး နိုင်ငံရေးလှုပ် [illegible]

စိုးမြကျော်။ သူတို့နဲ့ နိုင်ငံရေးလှုပ်ရှားမှု [illegible]
ယဉ်သကို ဖြစ်နေတာပါပဲ [illegible]

ဘကြီးစိုး။ ဒေါ်စုကြည်နဲ့ NLD ဟာ သူ [illegible]
အောင် ဖွဲ့စည်းပြီး စည်း [illegible]
လျှပ်ပေါ်လော်လီတဲ့ ပေါ်ပင် [illegible]
ပြီး ဂဏအရေးအခင်းလို ဆူ [illegible]
ဖြစ်ပွားအောင် နေ့စဉ်နဲ့အမျ [illegible]

စိုးမြကျော်။ ကျွန်တော်မှတ်မိပြီ ဘကြီး [illegible]
ကျရောက်တဲ့ (၄၂)နှစ် [illegible]
အကြောင်းပြုပြီး အပြစ်မဲ့ [illegible]
အကြမ်းဖက်မှုထဲဆွဲ သွင်းဖို့ [illegible]
အကြောင်း သတင်းမှတ်တ [illegible]

ဘကြီးစိုး။ အဲဒါကြောင့် နိုင်ငံတော်အ [illegible]
များ၏ ဘေးအန္တရာယ်မှ [illegible]
ဥပဒေပုဒ်မ(၁၀)အရ ဒေါ်စု [illegible]
တားဆီးခဲ့ရတယ်။

ကြီးကြီးမြ။ အဲဒီ မတိုင်ခင်က ဒေါ်စုကြ [illegible]
သောင်းကျန်းသူအဖွဲ့ဝင်တွေ [illegible]
ပါတီဝင်အချို့ ကိုယ်တိုင် [illegible]
ဖုံးဖောက်ခွဲခဲ့တာတွေကို [illegible]
အထောက်အထားတွေနဲ့တ [illegible]
ဒေါ်စုကြည်ကို အရေးမယူ [illegible]
နိုင်အောင် အသိပေးပြော [illegible]
ခုတစ်ကြိမ်မှာတော့ တ [illegible]
ပြည်သူလူထုကိုစတေးမယ့်လု [illegible]
မလွှဲသာမရှောင်သာတော့ဘဲ [illegible]

ဘကြီးစိုး။ ဒေါ်စုကြည်ရဲ့ အဲဒီလို ဥပဒေ [illegible]
NLD ဗဟိုအလုပ်အမှု [illegible]
ပြန်လည်သုံးသပ်ပြီး ပါတီ [illegible]
လုပ်ခဲ့တာကိုလဲ တွေ့ရတယ် [illegible]

စိုးမြကျော်။ ဟုတ်လား ဘကြီး။ကျွန်တေ [illegible]
အဲဒီဖြစ်စဉ်ကို ရှင်းပြပေးပ [illegible]

…ိုကာ (၁)

စိုးမြကျော်

တွေကို ဒို့တိုင်းရင်းသား ပြည်သူတွေ တစ်နေ့တခြား ရရှိခံစားကြရမှာ မလွဲဧကန်ပါပဲ ။

စိုးမြကျော်။ ဒါနဲ့ဘကြီး၊ အဲဒီလိုလက်နက်ကိုင် ပဋိပက္ခတွေချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိအောင် တွေ့ဆုံဆွေးနွေးမှုတွေနဲ့ ကြိုးပမ်းဖော်ဆောင်ခဲ့သလို နိုင်ငံရေး ပဋိပက္ခ ချုပ်ငြိမ်းအောင်လည်း အစိုးရဘက်က ကြိုးပမ်းအားထုတ်မှုတွေ မလုပ်ခဲ့ဘူးလား။

ဘကြီးစိုး။ လုပ်ခဲ့ပါသော်ကောကွယ်၊ ဘယ်မှာမလုပ်ဘဲ နေရမှာလဲ ။ မြေပေါ်နိုင်ငံရေး အင်အားစုဖြစ်တဲ့ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးသမားတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ အကြိမ်ကြိမ် အထပ်ထပ်မရပ်မနား လုပ်ခဲ့ကြောင်း မျက်မှောက်ခေတ်သမိုင်းက မှတ်တမ်းတင်နေပါတယ်။

စိုးမြကျော်။ ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး။ တပ်မတော်က ၁၉၈၈ ခုနှစ်မှာ ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးမယ့် အရေးကို လက်ပိုက်ကြည့်မနေနိုင်တာမို့ မလွှဲမရှောင်သာဘဲ နိုင်ငံတာဝန်အရပ်ရပ်ကို ယူခဲ့ရတယ်။ အဲဒီအချိန်ကစပြီး နိုင်ငံရေးသမားဆိုသူ အချို့နဲ့ ပြည်ပြေးတွေက တပ်မတော်ကို ရန်သူလိုသဘောထားပြီး ဆန့်ကျင်ထိုးနှက်မှုတွေ လုပ်လာခဲ့ကြတယ်။

စိုးမြကျော်။ ဘယ်လိုဖြစ်သွားကြတာလဲ ဘကြီးရယ်။ တပ်မတော်နဲ့ နှစ်ပေါင်း ၄၀ တိုင်တိုင် ရင်ဆိုင်တိုက်ခိုက်လာခဲ့တဲ့ တောတွင်းလက်နက်ကိုင်အဖွဲ့တွေက အမျိုးသားရေးနဲ့ ကြုံကြိုက်လာခိုက်မှာ တပ်မတော်ကို မိတ်ဆွေလိုသဘောထားပြီး မဟာမိတ်လိုပူးပေါင်းလက်တွဲခဲ့ကြတယ်မဟုတ်လား။ ဘာဖြစ်လို့ အဲဒီ နိုင်ငံရေးသမားဆိုသူတွေက တပ်မတော်ကို မိတ်ဆွေလို၊ လုပ်ဖော်ကိုင်ဖက်လို သဘောမထားနိုင်ရတာလဲ ဘကြီး။

ဘကြီးစိုး။ အဓိကအချက်ကတော့အာဏာကိုဖြတ်လမ်းကယူလိုတဲ့ ဇောနဲ့ ပြည်ပအားကိုးမှု လွန်ကဲသွားလို့ပဲ၊ အဲဒီလို အရှိန်လွန်သွားတာနဲ့အမျှ နယ်ချဲ့လက်သစ်ရဲ့ ထောင်ချောက်ထဲမှ ရုပ်သေးရုပ်လို ကြိုးဆွဲရာ လိုက်ပါကပြ အသုံးတော်ခံနေရလို့ပဲ ဖြစ်တယ်။

ကြီးကြီးမြ။ ကြီးကြီးမှတ်မိသေးတယ်။ ၁၉၈၉ခုနှစ်ကစပြီး ဒေါ်စုကြည်နဲ့ NLD ဟာ တပ်မတော်အစိုးရကို ရန်သူလိုသဘောထားပြီး **အမိန့်ဟူသမျှဖီဆန်ရေး၊ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး၊ ပြည်ပအားကိုးရေး** သဘောထားတွေ ရေးသားပြောကြားပြီး နိုင်ငံရေးလှုပ်ရှားမှုတွေ လုပ်ခဲ့ကြတယ်။

စိုးမြကျော်။ သူတို့နဲ့ နိုင်ငံရေးလှုပ်ရှားမှုဆိုတာက အစကတည်းက ယဉ်သကို ဖြစ်နေတာပါပဲ လား။

ဘကြီးစိုး။ ဒေါ်စုကြည်နဲ့ NLD ဟာ သူတို့ရဲ့ပါတီကို ကျစ်လျစ်ခိုင်မာအောင် ဖွဲ့စည်းပြီး စည်းရုံးတည်ဆောက်ရမယ့်အစား လျှပ်ပေါ်လော်လီတဲ့ ပေါ်ပင် နိုင်ငံရေးစကားတွေပြောကြားပြီး ဧဧအရေးအခင်းလို ဆူပူအကြမ်းဖက်မှုတွေ ထပ်မံဖြစ်ပွားအောင် နေ့စဉ်နဲ့အမျှ သွေးထိုးလှုံ့ဆော်ခဲ့ကြတယ်။

စိုးမြကျော်။ ကျွန်တော်မှတ်မိပြီ ဘကြီး။ ၁၉-၇-၁၉၈၉ရက်နေ့မှာ ကျရောက်တဲ့ (၄၂)နှစ်မြောက် အာဇာနည်နေ့ကို အကြောင်းပြုပြီး အပြစ်မဲ့သူတွေကို ရန်းရင်းဆန်ခတ် အကြမ်းဖက်မှုထဲဆွဲသွင်းဖို့ တစ်ဇွတ်ထိုးလုပ်ဆောင်ခဲ့တဲ့ အကြောင်း သတင်းမှတ်တမ်းတွေ ဖတ်ရှုခဲ့ရတယ်။

ဘကြီးစိုး။ အဲဒါကြောင့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သော ဥပဒေပုဒ်မ(၁၀)အရ ဒေါ်စုကြည်ကို နေအိမ်မှာ ကန့်သတ်တားဆီးခဲ့ရတယ်။

ကြီးကြီးမြ။ အဲဒီ မတိုင်ခင်က ဒေါ်စုကြည်ခြံဝင်းထဲမှာ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်တွေ နေထိုင်ခွင့်ပေးခဲ့တာ၊ NLD ပါတီဝင်အချို့ ကိုယ်တိုင် သန်လျင်ရေနံချက်စက်ရုံမှာ ဗုံးဖောက်ခွဲခဲ့တာတွေကို တရားခံတွေ၊ သက်သေအထောက်အထားတွေနဲ့တကွ ဖမ်းဆီးရမိခဲ့ပေမယ့် ဒေါ်စုကြည်ကို အရေးမယူဘဲ ပြန်လည်သုံးသပ်ဆင်ခြင်နိုင်အောင် အသိပေးပြောကြားမှုတွေ ပြုလုပ်ခဲ့တယ်။ ခုတစ်ကြိမ်မှာတော့ တစ်ဆင့်ပြီးတစ်ဆင့်တက်ပြီး ပြည်သူလူထုကိုစတေးမယ့်လုပ်ရပ်တွေ ကျူးလွန်လာတာမို့ မလွှဲသာမရှောင်သာတော့ဘဲ အရေးယူခဲ့ရတာ ဖြစ်တယ်။

ဘကြီးစိုး။ ဒေါ်စုကြည်ရဲ့ အဲဒီလို ဥပဒေမဲ့လုပ်ရပ်တွေနဲ့ပတ်သက်လို့ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ကိုယ်တိုင်က ပြန်လည်သုံးသပ်ပြီး ပါတီအတွင်း ပြုပြင်ဖွဲ့စည်းမှုတွေ လုပ်ခဲ့တာကိုလဲ တွေ့ရတယ်။

စိုးမြကျော်။ ဟုတ်လား ဘကြီး။ကျွန်တော် အမှုမဲ့အမှတ်မဲ့ဖြစ်သွားလို့ အဲဒီဖြစ်စဉ်ကို ရှင်းပြပေးပါဦး။

ဘကြီးစိုး။ ၂၆-၃-၁၉၉၀ရက်နေ့မှာ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့က သူတို့ပါတီရဲ့ အထွေထွေအတွင်းရေးမှူး ဒေါ်စုကြည်ဟာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃(ဃ)နဲ့ ငြိစွန်းမှုတွေရှိနေလို့ ဒေါ်စုကြည်ကို ပါတီဝင်အဖြစ်မှ ထုတ်ပယ်လိုက်ကြောင်းနဲ့ NLD ဗဟိုအလုပ်အမှုဆောင် အဖွဲ့ကို ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်တို့နဲ့ ပြန်လည်ဖွဲ့စည်းကြောင်း တရားဝင် ကြေညာဆောင်ရွက်ခဲ့တယ်။

စိုးမြကျော်။ ဟာ-ဒါဆိုရင် ဒေါ်စုကြည်ဟာ ၂၆-၃-၁၉၉၀ ရက်နေ့က စပြီး NLD ပါတီဝင် မဟုတ်တော့သလို NLD အထွေထွေအတွင်းရေးမှူးလဲ မဟုတ်တော့ဘူးပေါ့နော်။ ဥပဒေပုဒ်မ ၃(ဃ)နဲ့ ငြိစွန်းတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ ဘကြီး။

ဘကြီးစိုး။ အဲဒီတုန်းက NLD ပါတီအတွင်းမှာ ကန့်သတ်အဆင့်နဲ့ ရှင်းလင်းတဲ့စာတွေ ထုတ်ပြန်ခဲ့တာ မှတ်မိနေတယ်။ ဒေါ်စုကြည်ဟာ သောင်းကျန်းသူတွေနဲ့ ဆက်သွယ်မှုရှိနေတာကြောင့် အခုလို ပါတီမှထုတ်ပယ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းဖော်ပြထားတယ်။

စိုးမြကျော်။ ဒါဆို တစ်ချိန်တစ်ခါတုန်းက ဒေါ်စုကြည်နဲ့ NLD တို့ တသီးတခြား စည်းခြားပြီးနေခဲ့ကြတာပဲပေါ့နော် ဘကြီး။ အဲဒီလိုဒေါ်စုကြည်က သတ်သတ်၊ NLD က သတ်သတ် ဖြစ်သွားတဲ့ အခြေအနေမှာ မြန်မာနိုင်ငံရေးခရီးရဲ့ ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုတွေရှိခဲ့ရင် ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး။ ဒေါ်စုကြည်ရဲ့ လောင်းရိပ်အောက်က လွတ်မြောက်သွားတဲ့ NLD ဗဟိုအလုပ်အမှုဆောင်ကော်မတီဟာ မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုတွေမှာ သူတို့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့သူတို့ ကာလတစ်ခုအထိ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့တယ်လို့ ဆိုရမှာဖြစ်တယ်။

စိုးမြကျော်။ ဒါဟာ နိုင်ငံနဲ့ပြည်သူတွေအတွက် အားတက်ဝမ်းမြောက်ဖွယ်ကောင်းတဲ့ နိုင်ငံရေးအခင်းအကျင်းပဲနော် ဘကြီး။

ကြီးကြီးမြ။ ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာက အခြားတစ်ဖက်မှာ ဒေါ်စုကြည်နဲ့ အမေရိကန်အစိုးရ အဆက်မပြတ်၊ အဆက်မဖြတ်ဘဲ တစ်ကျိတ်တည်းတစ်ဉာဏ်တည်း ဆက်သွယ်ကြံစည်မှုတွေ ရှိနေခဲ့တာပါပဲ။

စိုးမြကျော်။ ဟာ-ကြီးကြီးကလဲ ဘယ်ဖြစ်နိုင်ပါ့မလဲ၊ ဒေါ်စုကြည်ကို နေအိမ်မှာ တားဆီးမိန့်နဲ့ တားမြစ်ကန့်သတ်ထားတယ် မဟုတ်လား။ သူက ဘယ်လိုလုပ်ပြီး အမေရိကန်နဲ့ အဆက်အသွယ်ရနိုင်မှာလဲ။

ကြီးကြီးမြ။ မောင်ကျော်လိုပဲ ဒို့တစ်တွေအားလုံးက သဘောဖြူအူစင်းပြီး ရိုးရိုးတွေး၊ ရိုးရိုးလုပ်နေကြတာကွယ့်။ ဥပုသ်စောင့်တဲ့ကျား မရှိဘူးဆိုတဲ့စကားလိုပဲ မြန်မာနိုင်ငံကို အမဲဖျက်ဖို့ ကျားချောင်းချောင်းနေတဲ့ ကိုလိုနီနယ်ချဲ့လက်သစ်ကတော့ ဉာဏ်နီဉာဏ်နက်တွေ အမျိုးမျိုးသုံးပြီး အခွင့်အရေးရသမျှ အသုံးချခဲ့လို့ ဒီနေ့လို အခြေအနေအထိ ရောက်ခဲ့ရတာပဲကွယ့်။

စိုးမြကျော်။ အဲဒီအကြောင်းကို ရှင်းပြပါဦး ကြီးကြီး။

ဘကြီးစိုး။ ကဲ-ဘကြီးပဲ ရှင်းပြပါ့မယ်ကွယ်။ တော်ကြာ မင်းကြီးကြီး မခံချင်စိတ်တွေများပြီး သွေးတက်သွားပါဦးမယ်။

ကြီးကြီးမြ။ ဟုတ်တယ်ကိုစိုး။ မြကတော့ အဲဒီအကြောင်းကို ပြန်တွေးမိတိုင်း အချုပ်တန်းဆရာဖေလိုပဲ "တွေးမိတိုင်း အရိုးနာသည်၊ အမျိုးပါဆဲချင်ပေါ့လေး"ဆိုသလို ဒေါသထွက်မိတာ အမှန်ပဲ။

စိုးမြကျော်။ ဒါဆို ကျွန်တော်တို့လဲ ဒေါသထွက်သင့်ရင်ထွက်ရအောင် ဘကြီးကပဲ ရှင်းပြပေးပါဦး။

ဘကြီးစိုး။ ဒေါသထွက်သင့်လို့ထွက်ကြတာကို ဘကြီး မတားလိုပါဘူး။ ဒါပေမယ့် အဲဒီဖြစ်ရပ်တွေကနေ နိုင်ငံနဲ့လူမျိုး အနာဂတ်အကျိုးစီးပွားအတွက် သင်ခန်းစာထုတ်ယူပြီး ပြုပြင်နိုင်ကြဖို့က အဓိကကျပါတယ်။

ကြီးကြီးမြ။ ကဲ-ကိုစိုးပဲ လိပ်ပတ်လည်အောင် ရှင်းပြပေးလိုက်ပါတော့။

ဘကြီးစိုး။ ဒီလိုကွယ့်။ တို့တပ်မတော်အစိုးရဟာ ဒေါ်စုကြည်အပေါ် မလွှဲမရှောင်သာလို့ နေအိမ်မှာ ကန့်သတ်ထားခဲ့ရပေမယ့် လုံးဝ အာဃာတမထားခဲ့ပါဘူး။ လူ့သဘာဝအရ ပတ်ဝန်းကျင်ရဲ့ အရိပ်ထိုး အရောင်ဆိုးမှုတွေကြောင့် ပြောမှားဆိုမှား၊ လုပ်မှားကိုင်မှားတွေ ရှိခဲ့ပေမယ့် အချိန်ရလာတာနဲ့အမျှ လမ်းမှန်ပေါ် ပြန်ရောက်လိမ့်မယ်လို့ မျှော်လင့်ခဲ့တယ်။ ဒါကြောင့်မို့ နေအိမ်မှာ ကန့်သတ်ထားမှုအရ ပြင်ပပုဂ္ဂိုလ်တွေနဲ့ ထိတွေ့ဆက်ဆံခွင့်မရှိတဲ့ ဒေါ်စုကြည်ကို သူ့ခင်ပွန်း အင်္ဂလိပ်လူမျိုး ဗြိတိန်နိုင်ငံသား မိုက်ကယ်အဲရစ်နဲ့ တွေ့ဆုံခွင့်သာမက ရက်ရှည်လများ နေထိုင်ခွင့်ကိုပါ လိုက်လျောခွင့်ပြုပေးခဲ့တယ်။

စိုးမြကျော်။ ဟာ-ဒါဆို ဒေါ်စုကြည်ဟာ မိုက်ကယ်အဲရစ်ကတစ်ဆင့် အမေရိကန်တို့ ဗြိတိန်တို့နဲ့ အဆက်အသွယ်ရနေမှာပေါ့နော်။ မိုက်ကယ်အဲရစ် ဘယ်နှကြိမ်လာရောက်ပြီး

> အဆိုပါဆုံးဖြတ်ချက်မူကြမ်းတွင် အမေရိကန်နှင့် ဗြိတိန်တို့အဓိက တောင်းဆိုထားသည့်အချက်မှာ မြန်မာနိုင်ငံ၌ စစ်မှန်သော ဒီမိုကရေစီ ပြောင်းလဲမှု ဖြစ်ပေါ်ရေးအတွက် "တွေ့ဆုံဆွေးနွေးမှုတစ်ရပ်ကို အမြန်ဆုံးဆောင်ရွက်ရန်" ဟူ၍ဖြစ်ပါသည်။
>
> အမေရိကန်နှင့်ဗြိတိန်တို့၏ အဆိုပါ တောင်းဆိုချက်သည် NLD နှင့်အပေါင်းပါများ၊ ပြည်ပြေးများ၊ လက်ကျန်သောင်းကျန်းသူများ တစာစာတောင်းဆိုနေသည့် တွေ့ဆုံဆွေးနွေးရေး (Dialouge)၊ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေး ဆိုသည်များနှင့် ဒီပုတ်ထဲကဒီပဲ တစ်လေသံတည်း ဖြစ်နေကြောင်း တွေ့ရှိရပါသည်။

ဘယ်လောက်များ ဒေါ်စုကြည်နဲ့အတူ နေထိုင်သွားခဲ့လို့လဲ။ ဒီလူက ဗြိတိန်နိုင်ငံသားဆိုပေမယ့် တစ်ကမ္ဘာလုံး လှည့်ပတ်သွားလာပြီး နိုင်ငံရေးလှုပ်ရှားနေတဲ့လူပဲ။ မိုက်ကယ်အဲရစ်ရဲ့ မိခင်ဆိုရင် မြန်မာနိုင်ငံကိုဆန့်ကျင်ဖို့အတွက် ဗြိတိန်မှာဖွဲ့ထားတဲ့ အဖွဲ့တစ်ဖွဲ့မှာ အထင်ကရ ပါဝင်လှုပ်ရှားနေတာ နိုင်ငံတကာက သိနေတာပဲ။

ဘကြီးစိုး။ ၂၀-၇-၁၉၈၉ ရက်နေ့မှာ ဒေါ်စုကြည်ကို နေအိမ်မှာ တားမြစ်ကန့်သတ်ခဲ့တယ်။ ၂၂-၇-၁၉၈၉ ရက်နေ့မှာပဲ မိုက်ကယ်အဲရစ် ရောက်လာပြီး ဒေါ်စုကြည်နဲ့အတူ ၁၂-၈-၁၉၈၉ ရက်နေ့အထိ နေထိုင်သွားခဲ့တယ်။

စိုးမြကျော်။ အဲဒီတစ်ခေါက်တည်းပဲမဟုတ်လား ဘကြီး။

ဘကြီးစိုး။ ဘယ်ကပါ့မလဲကွယ်။ ၁၉၉၀ပြည့်နှစ်အတွင်း နှစ်ကြိမ်လာရောက်ခဲ့တယ်။ ၁၉၉၀ ပြည့်နှစ်ကနေ ၁၉၉၄ ခုနှစ်အတွင်း ဆယ်ကြိမ်တိုင်တိုင် လာရောက်ပြီး ဒေါ်စုကြည်နဲ့အတူ ကိုးလခွဲနီးပါး (၂၈၄ ရက်တိတိ) နေထိုင်သွားခဲ့တယ်ကွယ့်။

ကြီးကြီးမြ။ အဲဒါကြောင့် ကြီးကြီးမြ ဒေါသဖြစ်ရတာပေါ့ကွယ်။ ကြီးကြီးတို့ မြန်မာ့ဆိုစကားမှာရှိတယ် မဟုတ်လား။ မိဘပြောရင် တစ်လ၊ မယားပြောရင် တစ်ညဆိုတာလေ။ အခုတော့ ယောကျ်ားပြောသမျှ ကိုးလတောင် ကြားနေကျ နားရည်ဝသွားတဲ့ ဒေါ်စုကြည်တစ်ယောက် ဘယ်လိုစိတ်တွေ ပေါက်လာသလဲဆိုတာ မကြာခင်မှာ ဘွင်းဘွင်းကြီး ပေါ်လာခဲ့တယ်လေ။

ဘကြီးစိုး။ ဟုတ်တယ် မောင်ကျော်ရေ၊ မိုက်ကယ်အဲရစ် ဗီဇာလျှောက်တိုင်း လိုက်လျောခွင့်ပြုပေးခဲ့တယ်။ ဗီဇာခွင့်ပြုရက်ကျော်လို့ ထပ်လျှောက်ရင်လဲ ထပ်ပေးခဲ့တာပဲ။ လေဆိပ်မှာလဲ တင်းတင်းကျပ်ကျပ် စစ်ဆေးမှုမပြုခဲ့ဘူး။ နိုင်ငံကြီးသားပီသစွာ လူကြီးလူကောင်း စိတ်ဓာတ်နဲ့ ပြုမူလိမ့်မယ်လို့ယူဆပြီး မိုက်ကယ်အဲရစ် ကွန်ပျူတာနဲ့ ဆက်သွယ်မှုတွေ ပြုနေတာကိုတောင် မတားမြစ်ခဲ့ဘူး။

ကြီးကြီးမြ။ ကြီးကြီး မနေနိုင်လွန်းလို့ ဝင်ပြောရဦးမယ်။ အဲလောက်အထိ ကြီးကြီးတို့ဘက်က စိတ်ရှည်သည်းခံ လိုက်လျောခွင့်ပြုခဲ့ပေမယ့် ရန်ကုန်မြို့မှာရှိတဲ့ ဗြိတိန်သံရုံးက ဘယ်လိုစွပ်စွဲပုတ်ခတ်ခဲ့သလဲသိလား၊ မိုက်ကယ်အဲရစ်နဲ့ ဒေါ်စုကြည် တစ်မိုးအောက်မှာ သူတို့သဘောနဲ့သူတို့ နှစ်ယောက်အတူနေကြတာကို သူတို့ရဲ့ ဗြိတိန်နိုင်ငံသားကို အစောင့်အကြပ်တွေနဲ့ ထိန်းချုပ်ထားသတဲ့ကွယ်။

စိုးမြကျော်။ ဟာ-ဒီလောက်ပဲလား။ သူတို့သဘောအတိုင်းဆိုရင် မိုက်ကယ်အဲရစ်နဲ့ ဒေါ်စုကြည်ကို ဆီဒိုးနားတို့၊ ထရေးဒါးတို့မှာ တခမ်းတနား ထားပေးရမလို ဖြစ်နေပါရောလား။

ကြီးကြီးမြ။ ကြီးကြီးတို့ဘက်က ဒေါ်စုကြည်နဲ့ မိုက်ကယ်အဲရစ်ကို အဲဒီလို မထားရုံတစ်မည်ပါပဲကွယ်။ ၂၀-၉-၁၉၉၄ ရက်နေ့မှာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင် ဒေါ်စုကြည်ကို အမှတ်(၁)တပ်မတော်ဧည့်ဂေဟာမှာ ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ပါသေးတယ်။

စိုးမြကျော်။ မှတ်မိပြီ ကြီးကြီး။ နိုင်ငံတော်အကြီးအကဲနဲ့ ဒေါ်စုကြည်တို့ တွေ့ဆုံမှု သတင်းမြင်ကွင်းကို ရုပ်မြင်သံကြားမှာပြသလို သတင်းစာတွေမှာလဲ ဖော်ပြခဲ့တာမို့ ကျွန်တော်တို့နိုင်ငံရဲ့ အကျပ်အတည်းတစ်ခု ပြေလည်တော့မယ်ဆိုပြီး ပြည်သူတွေ ဝမ်းသာအားရဖြစ်ခဲ့ကြတာကိုယ်တွေ့မျက်မြင်ပါပဲ။

ဘကြီးစိုး။ ဘကြီးတို့လဲ ဝမ်းသာခဲ့ကြတာပေါ့ကွယ်။ နောက်တစ်ပတ်အကြာ ၂၈-၁၀-၁၉၉၄ ရက်နေ့မှာလဲ နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ဒေါ်စုကြည်တို့ ဒုတိယအကြိမ် ထပ်မံပြီး ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ကြတယ်ကွယ့်။

စိုးမြကျော်။ ဟုတ်တယ်ဘကြီး။ ဒေါ်စုကြည်နဲ့ တွေ့ဆုံဆွေးနွေးရာမှာ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနဲ့ ရေရှည်အကျိုးစီးပွားအတွက် ဆောင်ရွက်သင့်တာတွေကို နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းထုတ်ပြန်ခဲ့တာကို ကျွန်တော်တို့ မြင်တွေ့ကြားသိ ဖတ်ရှုလိုက်ရပါတယ်။

ကြီးကြီးမြ။ နိုင်ငံတော်က မောင်မင်းကြီးသား မိုက်ကယ်အဲရစ်နဲ့ မယ်မင်းကြီးမ ဒေါ်စုကြည်တို့ကို အဲဒီလို သူတို့လိုလားတဲ့ လူ့အခွင့်အရေးတွေ၊ တွေ့ဆုံဆွေးနွေးမှုတွေ အပြည့်အဝပေးခဲ့တာကို ဘယ်လိုကျေးဇူးဆပ်ပြီး တုံ့ပြန်ခဲ့သလဲဆိုတာ ကြားရရင် ရင်ကွဲပက်လက်တောင် ဖြစ်လောက်တယ်။ ကြီးကြီး မပြောချင်တော့ပါဘူးကွယ်။ မင်း ဘကြီးပဲ ရှင်းပြလိမ့်မယ်။

ဘကြီးစိုး။ အဲဒီလို စိတ်ရင်းအမှန်နဲ့ လိုက်လျောမှုတွေ၊ တွေ့ဆုံဆွေးနွေးမှုတွေ ပြုခဲ့ပေမယ့် ဒို့နိုင်ငံနဲ့ ဒို့ပြည်သူတွေ မျှော်မှန်းသလို အကျိုးရလဒ်ကောင်းတွေ ပေါ်ထွက်မလာခဲ့ပါဘူး။ ၂၄-၁၂-၁၉၉၄ ရက်နေ့မှာ မိုက်ကယ်အဲရစ် ဒေါ်စုကြည်ဆီ ရောက်လာပြန်ပြီး တစ်လနီးပါး နေထိုင်သွားတယ်။ ၂၀-၁-၁၉၉၅ ရက်နေ့ အပြန် ဗန်ကောက် လေဆိပ်မှာ ဒေါ်စုကြည်ရဲ့ သတင်းကြေညာချက်ဆိုပြီး မိုက်ကယ်အဲရစ်က ထုတ်ပြန်တယ်။ အဲဒီ ကြေညာချက်မှာ ဒေါ်စုကြည်က ၎င်းရဲ့တိုက်ပွဲကို ဆက်လက်ဆင်နွှဲသွားမယ်လို့ ပြောကြားကြောင်း ဖော်ပြခဲ့တယ်ကွယ့်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

အောင်မြင်နေသည့် စိမ်းလန်းမြေ လက်ဖက်စိုက်ပျိုးခြင်း

သတင်းဆောင်းပါး-သတင်းထောက်စိုင်းမောင်မောင်
ဓာတ်ပုံ-စိုင်းသာလှိုင်(လိမ္မော်မြေ)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကွဲကုန်းကျေးရွာအနီးရှိ တောင်ကုန်း တောင်စောင်းများတွင် အတန်းလိုက်ညီညာလှပစွာ ခေတ်မီနည်းစနစ်ဖြင့် စိုက်ပျိုးထားသည့် စိမ်းလန်းမြေကုမ္ပဏီ၏ လက်ဖက်စိုက်ပျိုးခင်းသို့ စာရေးသူတို့ သတင်းအဖွဲ့ မကြာမီက ရောက်ရှိသွားခဲ့သည်။

စိမ်းလန်းမြေ လက်ဖက်စိုက်ခင်းကို ကျောက်မဲမြို့နယ် ကွဲကုန်းကျေးရွာအနီးတွင် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်အကောင်အထည် ဖော်ခဲ့သည်။ သုံးနှစ်စီမံကိန်းဖြင့် လက်ဖက်ခြံ ၂၈၆ ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ထားသည်။ ၂၀၀၈ခုနှစ်တွင် အပြီး စိုက်ပျိုးထုတ်လုပ်နိုင်မည်ဟု သိရ၏။ ၂၀၀၅ခုနှစ် နိုဝင်ဘာလတွင် စိုက်ကွင်းကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖော်ထုတ်ခဲ့ပြီး လက်ဖက်မျိုးစေ့ လေးသိန်း ပျိုးခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးစီးခဲ့ကြောင်း လက်ဖက်စိုက်ခင်း တာဝန်ခံ စိုက်ပျိုးရေး ပညာရှင် ဦးကျော်ဆန်းက ရှင်းပြသည်။

တစ်ဖက်က ဇုတ်ရှင်း၊ တောခုတ်၊ ပန္နက်ရိုက် ကွန်တိုလိုင်းဖော်ရင်း တစ်ဖက်ကလည်း ပလတ်စတစ်ရုံကြီးများ ဆောက်လုပ်ပြီး လက်ဖက်စေ့များကို အပင်ပေါက်သည့်အထိ နည်းစနစ်ကျနစွာ အကောင်အထည်ဖော်လုပ်ကိုင်ခဲ့သည်။ လက်ဖက်ခြံတောင်သူတို့မှာ ရှေးရိုးနည်းအတိုင်း ပျိုးပင်သုံးနှစ်သားရမှ စစိုက်ကြသည်။ ယခုခေတ်မီနည်းစနစ်မှာ ပျိုးပင် ခြောက်လရလျှင် စတင်စိုက်ပျိုးသည်။ စိုက်ပျိုးရာတွင်လည်း တစ်ပင်နှင့်တစ်ပင် လေးပေခြားပြီး ကွန်တိုလိုင်းအတိုင်း အတန်းလိုက်ခြံစည်းရိုးစိုက်စနစ်ဖြင့် ခေတ်မီစွာ စိုက်ပျိုးသည်။ ရှေးရိုးနည်းမှာ လက်ဖက်ခြံတစ်ဧကလျှင် အပင်တစ်ထောင် ဝင်ဆံ့ပြီး ယခုခေတ်မီနည်းစနစ်မှာ အပင်ခြောက်ထောင်မှ ခုနစ်ထောင်အထိ စိုက်ပျိုးနိုင်ကြောင်းသိရသည်။

စိုက်ပျိုးပုံနည်းစနစ်နှင့် ပတ်သက်ပြီး စိုက်ပျိုးရေးပညာရှင် ဆရာဦးကျော်ဆန်းက ရှင်းပြရာတွင် မိမိ၏ ဆရာအရင်းမှာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဆရာဦးစောဂျက်ဆင်ဖြစ်ပါကြောင်း၊ လက်ဖက်ပင်သုံးမျိုးရှိရာ အာသံမျိုး၊ တရုတ်မျိုးနှင့် ကမ်ဘော့မျိုး (အင်ဒိုချိုင်းနား) မျိုးတို့ဖြစ်ပြီး ယခုမိမိတို့စိုက်ပျိုးသော လက်ဖက်ပင်မှာ အာသံလက်ဖက်ပင်မျိုးဖြစ်ကြောင်း။ လက်ဖက်မျိုးစေ့များကို နမ့်ဆန်မြို့နယ် နမ့်တွေ့ရွာဘက်က ဝယ်ယူပြီး အစေ့များကို ရေတစ်ည စိမ်ရကြောင်း။ နောက်တစ်နေ့တွင် ရေပေါ်ပေါ်နေသော အစေ့များကို ဖယ်လိုက်၍ ရေမြုပ်နေသည့် အစေ့များကို ယူရကြောင်း၊ ၎င်းအစေ့များကို ရေစွတ်စိုနေသည့် သဲမြေတွင် အညှောက် ထွက်လာသည်အထိ ငါးရက်ခန့်ထားကြောင်း၊ အညှောက် ထွက်လာသော အစေ့များကို

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ် အမှတ်တရလက်ဖက်ပျိုးပင်စိုက်ပေးစဉ်။

မြေဆွေးများ ထည့်ထားသည့် ပလတ်စတစ်အိတ်ငယ်ကလေးတွင် ထည့်၍ စိုက်ပျိုးရကြောင်း၊ လက်ဖက်ပျိုးပင် ခြောက်လခန့် ရောက်လျှင် ခြံထဲသို့ ရွှေ့ပြောင်းပြီး စိုက်ပျိုးရကြောင်း၊ ယခုစိုက်ပျိုးသော လက်ဖက်ပင်မှာ အပင်ကြီးမျိုး ဖြစ်သည့်အတွက် အပင်အမြင့် လေးပေအထိပဲထားကြောင်း၊ လေးပေကျော်လျှင် ထိပ်ပိုင်းကို ခုတ်ပေးရကြောင်း၊ ဤသို့ ပြုပြင်ပေးခြင်းကြောင့် အရွက်ကြီးပြီး အထွက်များကြောင်းဖြင့် ရှင်းပြသွားသည်။

စိမ်းလန်းမြေကုမ္ပဏီ လက်ဖက်စိုက်ပျိုးခင်းသို့ နမ့်ဆန်၊ မိုင်းတင်း၊ မိုင်းလုံ၊ မိုင်းငေါ့၊ သီပေါ၊ မန်တုံမြို့များမှ လက်ဖက်ခြံတောင်သူ ၃၀၀၀ကျော်ခန့် လာရောက်လေ့လာခဲ့ကြသည်။ ပျိုးပင်များကိုလည်း ဈေးနှုန်း သက်သာစွာဖြင့် ဖြန့်ဖြူးပေးနေကြောင်း သိရသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်သည် လက်ဖက်စိုက်ပျိုးခင်းသို့လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

စိမ်းလန်းမြေလက်ဖက်စိုက်ပျိုးခြင်းကို–

- **မျိုးကောင်းမျိုးသန့် အရည်အသွေး ကောင်းသည့်လက်ဖက်ကုန်ချောများထုတ်လုပ်နိုင်ရန်၊**
- **ကွန်တိုအလိုက် စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာ တိုက်စားမှု ကာကွယ်နိုင်ရန်၊**
- **ခေတ်မီ နည်းစနစ်များဖြင့် တစ်ဧကတွင် အပင်ဦးရေဝင်ဆံ့မှုများရန်၊**
- **စက်ကိရိယာသုံး၍ ခေတ်မီနည်းစနစ်ဖြင့် ခူးဆွတ်နိုင်ရန်၊**
- **လက်ဖက် မျိုးကောင်း မျိုးသန့်များကို ခေတ်မီနည်းစနစ်ဖြင့် စိုက်ပျိုးပုံကို ဒေသခံ တောင်သူများ သဘောပေါက်နားလည်ပြီး ၎င်းတို့ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေ တိုးလာစေရန်၊**
- **ဒေသခံတောင်သူများ စိုက်ပျိုးနိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်ပျိုးပင်များထုတ်လုပ်ပြီး သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ချိပေးနိုင်ရန်နှင့်**
- **အရည်အသွေးကောင်း တန်ဖိုးမြင့် လက်ဖက်ကုန်ချောများထုတ်လုပ်၍ ပြည်ပသို့တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေ တစ်နည်းတစ်လမ်း တိုးတက်ရရှိစေရန်**

ဟူသည့် ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးလျက်ရှိသည်။

ဤသို့ ဦးတည်ချက်ကောင်း၊ ရည်ရွယ်ချက်ကောင်း၊ လုပ်ဆောင်ချက်ကောင်းများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် လက်ဖက်နံ့သင်းပျံ့လျက် တောင်သူတို့ တစ်ဦးချင်း ဝင်ငွေတိုးပြီး နိုင်ငံခြားငွေ တစ်ဖက်တစ်လမ်းမှ ရှာဖွေဖြည့်ဆည်းနိုင်မည်ဖြစ်ပါသည်။ ။

အောင်မြင်နေသည့် စိမ်းလန်းမြေ လက်ဖက်စိုက်ခင်း တစ်စိတ်တစ်ဒေသကို ဤသို့ တွေ့ရသည်။

ထူးချွန်ဆုချီးမြှင့်

ဖေဖော်ဝါရီ ၃ရက်က တာမွေမြို့နယ် အမက (၁၁)တွင် ၂၀၀၆-၂၀၀၇ ပညာရည်ချွန်ဆုပေးပွဲ၌ တတိယတန်းမှ ဘက်စုံထူးချွန်ဆု ပထမဆုရရှိသော မအေးမြတ်နွယ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခမ်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

သမိုင်း အထူးပြုကျောင်းသား၊ကျောင်းသူများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

တက္ကသိုလ်များ သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ၏ အဋ္ဌမအကြိမ်အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၈နာရီမှ ၁၀နာရီအထိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပြီး သတ္တမအကြိမ် မိတ်ဆုံညစာစားပွဲကို ညနေ ၆နာရီမှ ၉နာရီအထိ M-3 Food Centre ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့်ညစာစားပွဲလက်မှတ်များကို ဦးဉာဏ်ဝင်း ဖုန်း–၂၀၃၁၅၄၊ ဦးဝင်းနိုင်ဖုန်း–၇၂၃၉၅၈၊ ဦးနန်းအောင် ဖုန်း–၅၇၉၈၃၈၊ ဦးဝင်းကြွယ် ဖုန်း–၅၂၅၂၁၄၊ ဦးအောင်ကျော်မင်း ဖုန်း–၀၉ ၅၀၂၀၁၆၃၊ ဒေါ်ခင်သိန်းဝင်း ဖုန်း–၅၁၂၂၈၆၊ ဒေါ်ခင်စောနွဲ့ ဖုန်း–၅၅၆၂၁၇၊ ဒေါက်တာဌေးမြင့် ဖုန်း–၀၉၉၉၇၃၀၃၁၊ ဦးမျိုးလွင် ဖုန်း–၀၉၅၁၀၃၃၅၅၊ ဦးကျော်ထွန်း ဖုန်း–၀၉၅၁၆၁၂၂၀၊ ဒေါ်စုစုနိုင် ဖုန်း–၀၉၅၁၀၁၇၀၅၊ ဦးလင်းမြင့် ဖုန်း–၀၉၅၀၀၃၅၀၄တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သဃ်္ဃန်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ ဖေဖော်ဝါရီ ၃ရက်က လေးဒေါင့်ကန်ရပ်ကွက်၌ မြို့နယ် မီးသတ်ဦးစီးမှူး ဦးရဲမင်းထွဋ်၊ မြို့နယ်အရန်မီးသတ်တပ်ရင်းရုံးမှ ဦးခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်ဇော်မိုးနှင့် အဖွဲ့ဝင်များ လိုက်လံစစ်ဆေးကြစဉ်။

(က-ပ)

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် မရမ်းကုန်း၊ ၉မိုင်၊ ပြည်လမ်းနေ ဦးမြင့်ဇော် – ဒေါ်ချိုချိုလွင်တို့က ငွေကျပ် ၁၀၀၀၀၀ကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

❍ စာမျက်နှာ(၉)ဆောင်းပါးမှအဆက်

စိုးမြကျော်။ **ဟာ...အဲဒီလို ကြေညာလိုက်တာဟာ ဒေါ်စုကြည်က သူမူလကိုင်စွဲထားတဲ့ အမိန့်ဟူသမျှ ဖီဆန်ရေး၊ ထိပ်တိုက်ဆန့်ကျင်ရေး သဘောထားအတိုင်း မပြောင်းလဲဘဲ တပ်မတော်အစိုးရကို ရန်သူလိုသတ်မှတ်ပြီး ဆက်လက်ဆန့်ကျင်တိုက်ခိုက်သွားမယ်လို့ ကြေညာ လိုက်တာပဲနော် ဘကြီး။**

ဘကြီးစိုး။ **မှန်တာပေါ့ကွယ်။ တစ်နည်းဆိုရရင် ကိုလိုနီနယ်ချဲ့လက်သစ် ဆရာကြီးတွေကြိုးဆွဲတဲ့အတိုင်း သူလိုက်ကမှာဖြစ်ကြောင်း၊ တပ်မတော်အစိုးရနဲ့ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ပေမယ့် သူ့ဘက်က မီးစတစ်ဖက် ရေမှုတ်တစ်ဖက် လုပ်ထားကြောင်းကို အမေရိကန်အစိုးရနဲ့ ဗြိတိန်အစိုးရဆီ မီးစိမ်းပြပြီး သတင်းပို့လိုက်တာပဲဖြစ်တယ်ကွယ့်။**

ကြီးကြီးမြ။ ဒါတင်ဘယ်ကပါဦးမလဲ မောင်ကျော်ရယ်။ သူတားမြစ်ခံထားရတဲ့အချိန်မှာ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပါတီတွင်းဒီမိုကရေစီကျင့်သုံးမှုအရ အများရဲ့သဘောတူညီဆုံးဖြတ်မှုနဲ့ အမျိုးသားညီလာခံမှာ ပါဝင်တက်ရောက်နေတာကိုပါ ဖျက်လိုဖျက်ဆီး လုပ်ပစ်မယ်ဆိုတဲ့သဘောသက်ရောက်နေတာကို ပြောမယ့် ကြုံဖူးမှသိ ဆိုသလို နောက်ပိုင်းကျမှ သိလိုက်ရတယ်။

စိုးမြကျော်။ ဟာ...ဟုတ်ပါရဲ့။ ကျွန်တော်တို့က ၁၉၈၉ ခုနှစ်ကနေ ၁၉၉၄ခုနှစ်အတွင်း ဒေါ်စုကြည်ရဲ့ လုပ်ရှားမှုမြင်ကွင်းကိုသာ ပြန်ကြည့်နေကြတာကိုး။ ၂၆-၃-၁၉၉၁ ရက်နေ့မှာ ဒေါ်စုကြည်ရဲ့ လောင်းရိပ်အောက်က လွတ်မြောက်အောင် ရုန်းထွက်ပြီး ကိုယ်ပိုင်အတွေးအခေါ် အယူအဆတွေနဲ့ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ဆောင်ရွက်ခဲ့တဲ့ NLD ပါတီရဲ့ လှုပ်ရှားမှုမြင်ကွင်းကိုလဲ ပြန်ကြည့်ဖို့ ကျန်နေသေးတာပဲ။

ဘကြီးစိုး။ အဲဒီအကြောင်းတွေကို အခု တစ်ထိုင်တည်း ဆက်ပြီး ဆွေးနွေးရင် မြန်မာပြည်မှာ ဓာတ်လမ်းရှုပ်သမျှဆိုတဲ့ စာချိုးအတိုင်း တွေ့ရ၊ ကြားရဦးမှာမို့ ဒီနေရာမှာတင် မင်းကြီးကြီးကို နှုတ်ဆက်ပေးနေရဦးမယ်။ ဒါကြောင့်ဒီနေ့တော့ ဒီမျှနဲ့သာ နားလိုက်ကြပါစို့ကွယ်။ မနက်ဖြန်မှ ဆက်ကြတာပေါ့။

စိုးမြကျော်။ ဟုတ်ကဲ့ပါ ဘကြီး၊ ကြီးကြီးလဲ အနားယူလိုက်ပါဦး။ ဒေါသထွက်စရာတွေ ရှိနေသေးရင် မနက်ဖြန်ကျမှပဲ ကျွန်တော်တို့ ဒေါသဆက်ထွက်ကြတာပေါ့နော်ကြီးကြီး။

ကြီးကြီးမြ။ အေးပါကွယ်။ မနက်ဖြန်ကျရင်သာ မင်းဆက်ဆက်လာဖို့ မမေ့နဲ့ဦး။

❑ **ပြည်သူ့အကျိုးပြုမှ**

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် အမရပူရမြို့နယ်ရှိ ရွှေယမင်း ပိုးထည်တိုက်သို့ သွားရောက်ကာ စက်ရက်ကန်း၊ လက်ရက်ကန်း ရက်လုပ်မှုနှင့် မြန်မာ့ရိုးရာ ရက်ကန်းရက်လုပ်မှု အခြေအနေများကိုလည်းကောင်း၊ ချည်ဆေးဆိုးခြင်းနှင့် နေလှန်းခြင်းလုပ်ငန်းများကို လည်းကောင်း၊ ရိုးရာမြန်မာ့ရက်ကန်းက ထုတ်လုပ်သည့် ကြိုးကြိုးချိတ်၊ လွန်းရာကျော်စသည့် အဝတ်အထည်များကိုလည်းကောင်း ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု စကျင်ဝရပ်သို့ရောက်ရှိကာ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် အမရပူရမြို့နယ်ရှိ ဒေါ်စောရှင် ပိုးစစ်လွန်းရာကျော် ချိတ်လုပ်ငန်းသို့ သွားရောက်၍ ထုတ်လုပ်ပြီး မြန်မာ့ရိုးရာ အဝတ်အထည်များကိုလည်းကောင်း၊ ရိုးရာရက်ကန်းရက်လုပ်မှုအခြေအနေများကိုလည်းကောင်း၊ ရက်လုပ်ပြီး မြန်မာ့ရိုးရာအဝတ်အထည်များဖြစ်သော ကြိုးကြိုးချိတ်နှင့် လွန်းရာကျော်အထည်များကို လည်းကောင်း ကြည့်ရှုသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ရွှေဆင်တိုင်း ရက်ကန်းအလုပ်ရုံကိုလည်းကောင်း၊ ရွှေနှင်းဆီ လက်ရက်ကန်းရုံကို လည်းကောင်း ကြည့်ရှုသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ တိုင်းအသင်းအတွင်းရေးမှူး ဦးတင်မောင်ဦးက တိုင်း၊ ခရိုင်နှင့် မြို့နယ်များအတွင်း ပြည်သူ့အကျိုး ပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အမျိုးသားရေးကိစ္စအဖြစ် ဆောင်ရွက်သွားရေးမှာကြားခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

လင်းပြောင်စနစ်ဖြင့် အမှိုက်သိမ်းဆည်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုကို အရေးယူ

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းသည် သန့်ရှင်းရေးဝန်ဆောင်မှု ကန်ထရိုက်ပေးခဲ့သူများအား တွေ့ဆုံ၍ မြို့နယ်အလိုက် သန့်ရှင်းရေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ယမန်နေ့က ဆိပ်ကမ်းသာ အထက်လမ်းရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန အစည်းအဝေးခန်းမ၌ ဆွေးနွေးမှာကြားသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံပွဲ အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူး ဦးလင်းထွန်းမြင့်၊ ဒုတိယဌာနမှူး ဦးသန်းလွင်ဦးနှင့် ဌာနတာဝန်ရှိသူများ၊ မြို့တွင်း ခြောက်မြို့နယ် သန့်ရှင်းရေးဝန်ဆောင် တာဝန်ပေးအပ်ထားသူများနှင့် ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ သန့်ရှင်းရေးဝန်ဆောင်မှု တာဝန်ပေးခံရသော အင်းစိန်၊ မင်္ဂလာတောင်ညွန့်၊ ကမာရွတ်၊ လှိုင်၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ ရွှေပြည်သာမြို့နယ်များမှ တာဝန်ပေးအပ်ခံရသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် တွဲဖက်အတွင်းရေးမှူးနှင့် ဌာနမှူးတို့က မြို့နယ်အလိုက် တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်များအနေဖြင့် မိမိတာဝန်ကျရာမြို့နယ်များတွင် လင်းပြောင်စနစ်ဖြင့် အမှိုက်များကို သိမ်းဆည်းရန် မှာကြားသည်။

ထို့အပြင် သန့်ရှင်းရေးဆောင်ရွက်ရာတွင် အနှောင့်အယှက်ဖြစ်စေသည့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုကို တွေ့ရှိပါက အရေးယူရန် မြို့နယ်စည်ပင်ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် သန့်ရှင်းရေးဝန်ဆောင်တာဝန်ခံ လုပ်ဆောင်နေကြသူများကလည်း သန့်ရှင်းရေးဆောင်ရွက်ပြီး အမှိုက်များ စွန့်ပစ်သည့်နေရာ၌ ကားများ ဝင်ထွက်မှု ကောင်းမွန်စေရန်၊ ဝင်လမ်းထွက်လမ်း ဆောင်ရွက်ပေးရန်နှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို တင်ပြကြကြောင်း သိရသည်။ (၁၉)

● **ကမ္ဘာ့သက်တမ်းအရင့်ဆုံးမှ**

ပီအိုအိုင်တီ သတင်းစာသည် အများပြည်သူပိုင် ကုမ္ပဏီများနှင့် သက်ဆိုင်နေသည့် သတင်းများကို ဦးစားပေး ဖော်ပြခဲ့သည်။

ကမ္ဘာ့သတင်းစာများ အသင်းသည် ပီအိုအိုင်တီသတင်းစာကို ကမ္ဘာပေါ်တွင် သက်တမ်းအရင့်ဆုံး သတင်းစာအဖြစ် အသိအမှတ်ပြုခဲ့သည်။

ဒီဂျစ်တယ်သတင်းအချက်အလက် နည်းပညာခေတ်တွင် ကမ္ဘာတစ်ဝန်း၌ သတင်းစာများကို အင်တာနက်မှတစ်ဆင့် ဖတ်ရှုသူဦးရေ တိုးပွားလျက်ရှိသည်။

အင်တာနက်။

❀ **ကျေးရွာစာကြည့်တိုက်များမှ**

နည်းပညာ ကျွမ်းကျင်တတ်မြောက်သည့် ပညာရှင်များ ပေါ်ထွန်းရေးတို့အတွက်လည်း မျက်ခြည်မပြတ် တိုးမြှင့်ဖော်ဆောင်ပေးနေကြောင်း။

ထိုသို့ မြှင့်တင်ဖော်ဆောင်ပေးလျက်ရှိရာတွင် နိုင်ငံတစ်ဝန်းလုံး၌ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ပေးနေခြင်းလည်း အပါအဝင်ဖြစ်ကြောင်း၊ စေတနာရှင် ပြည်သူများက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ လှူဒါန်းခြင်းသည် မွန်မြတ်သည့်ဒါန ဖြစ်သကဲ့သို့ အမှန်တကယ် လိုအပ်ချက်ကို ဖြည့်စွက်လှူဒါန်းခြင်းမျိုးလည်း ဖြစ်၍ အကျိုးကျေးဇူး ကြီးမားကြောင်း၊ ယနေ့ဆိုလျှင် တစ်နိုင်ငံလုံး၌ ကျေးရွာပေါင်း ၆၁၉၄၉ ရွာ ရှိသည့်အနက် ကျေးရွာ ၅၄၇၀၇ ရွာ၌ စာကြည့်တိုက်များ တည်ရှိနေပြီဖြစ်ကြောင်း၊ ကမ္ဘာနှင့်အဝန်း လေ့လာကြည့်လျှင် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ရေးကို သီးသီးသန့်သန့် စီမံချက်ချ၍ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံ၌ ပထမဦးဆုံးဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကျယ်ပြန့်ထိရောက်စွာ ဖွင့်လှစ်နိုင်ခြင်းသည် စေတနာရှင် ပြည်သူများ၏ ပူးပေါင်းပါဝင် လှူဒါန်းမှုကြောင့်လည်း ဖြစ်ကြောင်း၊ သို့အတွက် နိုင်ငံတော်နှင့် ကျေးလက်ပြည်သူများ၏ ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါ စာကြည့်တိုက်များ ရေရှည်တည်တံ့ အောင်မြင်ရေးအတွက် မိမိတို့နှင့်အတူ အားလုံး ဝိုင်းဝန်းပူးပေါင်းလျက် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းအပ်ပါကြောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဖော်ဆောင်လျက်ရှိရာ အလှူရှင်များ၏အား၊ နိုင်ငံတော်၏ပံ့ပိုးမှုအား၊ ဒေသအာဏာပိုင်များ၏အား၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မိမိတို့ဌာနမှ ဝန်ထမ်းများ၏ အားများဖြင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စေတနာရှင် ပြည်သူများကလည်း ယခုကဲ့သို့ပင် အဆက်မပြတ် ဆက်လက်ပံ့ပိုး ကူညီလှူဒါန်းသွားကြမည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင် အလှူရှင်များဖြစ်ကြသော တူဒေး စာနယ်ဇင်းထုတ်ဝေရေးလီမိတက်မှ ဒေါက်တာ သာထွန်းဦးက ငွေကျပ် ၄၂၈၃၀၀ တန်ဖိုးရှိ စာအုပ် ၄၁၇၀၊ ရန်ကုန်လမ်းညွှန်မှ မန်နေဂျင်းဒါရိုက်တာ ဦးမိုးကျော်က ငွေကျပ် ၂၈သိန်းတန်ဖိုးရှိ စာအုပ် ၈၀၀၊ မြန်မာပြည်သား မဂ္ဂဇင်းမှ ဦးသောင်းစုညိန်းက ငွေကျပ် ၁၃၅၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်းအုပ်ရေ ၁၃၅၀၊ စေစားရာ မီဒီယာအုပ်စုမှ ဦးသက်ဦး(ခေါ်)သျှားညိုက ငွေကျပ် ၆၂၀၀၀၀ တန်ဖိုးရှိ စာအုပ် ၅၀၀၊ အဖွားရတနာစာပေမှ ဦးမင်းကိုကိုနှင့် မိသားစုက ငွေကျပ် ၃၄၃၅၀၀ တန်ဖိုးရှိ စာအုပ် ၂၁၁၀၊ ရွှေကျားပျံကုမ္ပဏီမှ ဦးအောင်ကျော်သူလွင်က ငွေကျပ် ၂၈၀၀၀၀ တန်ဖိုးရှိ စာအုပ် ၃၅၀၊ ဗြူတီမဂ္ဂဇင်းမှ ဦးဝင်းမျိုးသူက ငွေကျပ် ၂၄၉၆၀၀ တန်ဖိုးရှိ မဂ္ဂဇင်း ၁၂၄၈ အုပ်၊ ဇော်စာပေမှ ဦးခင်မောင်စိန်က ငွေကျပ် ၁၂၄၀၀၀ တန်ဖိုးရှိ စာအုပ် ၁၈၀၊ ကြောင်နှစ်ကောင် စာပေမှ မောင်မျိုးက ငွေကျပ် ၁၂၃၆၀၀ တန်ဖိုးရှိ အိုင်ဒီယာမဂ္ဂဇင်းနှင့် မှုခင်းရောင်စုံ မဂ္ဂဇင်း ၇၁၆အုပ်၊ တောင်ချွန်း ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးကျော်စိုးက ငွေကျပ် တစ်သိန်း တန်ဖိုးရှိ စာအုပ် ၁၄၀၊ အမေ့သား ထိုက်စာပေမှ ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)က ငွေကျပ် တစ်သိန်းတန်ဖိုးရှိ စာအုပ် ၁၀၀နှင့် ကောလင်းမြို့နယ် ကျော်ဇေယျာရပ်ကွက်နေ ကိုနေ(ကောလင်း)က ငွေကျပ်တစ်သိန်း တန်ဖိုးရှိ စာအုပ် ၅၀ အပါအဝင် အလှူရှင် ၁၂ဦးတို့က ငွေကျပ် ၁၀၄၇၉၀၀၀ တန်ဖိုးရှိ စာအုပ် ၁၁၇၁၄အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ လှူဒါန်းပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စေတနာရှင် အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ပေကျင်း အိုလံပစ် ခြေစစ်ပွဲဝင်ရန် မြန်မာအသင်း အပြီးသတ် ၁၈ ဦးရွေးချယ်

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲ ပထမအဆင့် ခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာအိုလံပစ် ယူ-၂၃ အသင်း ဘောလုံးသမား ၁၈ ဦးကို အပြီးသတ် ရွေးချယ်လိုက်သည်။

ခြေစစ်ပွဲဝင်မည့် မြန်မာအိုလံပစ် ယူ-၂၃အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးတင်ဟန်၊ နည်းပြချုပ်အဖြစ် ဦးဆန်းဝင်း၊ လက်ထောက်နည်းပြများအဖြစ် ဦးကြည်လွင်နှင့် ဦးစိုးမိုး၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်၊ အားကစားသမားများအဖြစ် ဂိုးသမား- ကျော်ဇင်ထက်၊ ဟိန်းကျော်သူ၊ နောက်တန်း- ဟန်ဝင်းအောင်၊ ဇော်ထက်အောင်၊ မိုးဝင်း၊ အေးစန်း၊ ထူးကျော်၊ အောင်ဝင်းနိုင်၊ အလယ်တန်း- ခင်မောင်လွင်၊ ခင်မောင်ထွန်း၊ ကျော်သီဟ၊ အောင်မြင့်အေး၊ မျိုးမင်းထွန်း၊ စိုးသီဟအောင်၊ အောင်မျိုးသန့်၊ ရာဇာဝင်းသိန်း၊ ရှေ့တန်း- လှအေးထွေးနှင့် စည်သူဝင်းတို့ ပါဝင်ကြသည်။

မြန်မာအိုလံပစ်အသင်းသည် ခြေစစ်ပွဲ၌ အိန္ဒိယအိုလံပစ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၇ ရက်တွင် အိမ်ကွင်းအဖြစ် သုဝဏ္ဏကွင်းတွင်လည်းကောင်း၊ အဝေးကွင်းအဖြစ် အိန္ဒိယနိုင်ငံတွင် ဖေဖော်ဝါရီ ၁၄ ရက်၌လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (ကြေးမုံ)

မြန်မာအိုလံပစ် ဘောလုံးအသင်းအား အုပ်ချုပ်သူ၊ နည်းပြများနှင့်အတူ လေ့ကျင့်ရေးကွင်းတွင် တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ပြည်နယ်နှင့်တိုင်း စက်ဘီးစီးပြိုင်ပွဲဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၄

၂၀၀၇ ခုနှစ် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စက်ဘီးစီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီက လှုင်ယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ စက်ဘီးလေ့ကျင့်ရေးကွင်းတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ အထွေထွေ အတွင်းရေးမှူး၊အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ ယမန်နှစ် ချန်ပီယံအသင်းများ ဖြစ်ကြသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသားအသင်းနှင့် ဧရာဝတီတိုင်း အမျိုးသမီးအသင်းတို့က အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ တံခွန်စိုက်ဒိုင်းများ ပြန်လည်အပ်နှံကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမိုးကျော်သူနှင့် ဦးသက်လွင်တို့က ပြိုင်ပွဲဝင် အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။

ပြိုင်ပွဲသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရန်ကုန်၊ မွန်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ တနင်္သာရီ၊ စစ်ကိုင်း၊ ကယား၊ ကရင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ဧရာဝတီတိုင်းအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် အနေဖြင့် ဖေဖော်ဝါရီ ၅ ရက်(ယနေ့)တွင် ရန်ကုန်-ပဲခူး-ရန်ကုန် တာဝေး စက်ဘီးစီးပြိုင်ပွဲ၊ ဖေဖော်ဝါရီ ၁၂ ရက်မှ ၂၄ ရက်အထိ ရန်ကုန်-မန္တလေး မိုင်(၁၀၀၀)ခရီးရှည် စက်ဘီးစီးပြိုင်ပွဲတို့ကို ကျင်းပမည်ဖြစ်ပြီး ယခု ပြိုင်ပွဲများမှ ထူးချွန်သူများကို ပဏာမစက်ဘီး လက်ရွေးစင်များအဖြစ် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

အမျိုးသား မီတာ ၁၆၀၀ လူရွေးပွဲ၌ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ-စိုးညွှန့်(ကြေးမုံ)

ရေပြင်သက်ကယ်သင်တန်းဆင်းပွဲကျင်းပ

ကန်တော်ကြီး ရေကူးကန်နှင့် အပန်းဖြေစခန်း မန်နေဂျင်း ဒါရိုက်တာ ဦးမြင့်သိန်းက သင်တန်းသားတစ်ဦးအား အောင်လက်မှတ်ပေးအပ်စဉ်။ (ကြေးမုံ)

ရန်ကုန် ဖေဖော်ဝါရီ ၄

ကန်တော်ကြီးရေကူးကန် အပန်းဖြေစခန်းနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့ပူးပေါင်း ဖွင့်လှစ်ခဲ့သော ရေပြင်သက်ကယ်သင်တန်းဆင်းပွဲကို ယနေ့ညနေ ၄နာရီတွင်ကန်တော်ကြီး ရေကူးကန်နှင့်အပန်းဖြေစခန်း ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ကန်တော်ကြီးရေကူးကန်နှင့် အပန်းဖြေစခန်း အထွေထွေ မန်နေဂျာ ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး ဆက်လက်၍ ကန်တော်ကြီး ရေကူးကန်နှင့် အပန်းဖြေစခန်း မန်နေဂျင်း ဒါရိုက်တာ ဦးမြင့်သိန်း၊ ဒု-မန်နေဂျင်းဒါရိုက်တာ ဦးမြင့်လွင်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း နည်းပြဆရာ ဦးအုန်းသွင်တို့က သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ကြသည်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (ကြေးမုံ)

ရန်ကုန်တိုင်းအသင်း



ဖေဖော်ဝါရီ ၁ ရက်က ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲတွင် ပထမဒိုင်းဆု ရရှိသော ရန်ကုန်တိုင်းအသင်းအား ဆုယူအပြီး ဒိုင်းဆုနှင့်အတူ တွေ့ရစဉ်။

(အား/ကာ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၆) ဖြန့်ချီ

ရန်ကုန် ဖေဖော်ဝါရီ ၄

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၆)တွင် ပါရမီတက္ကစီ အစီးတစ်ရာထပ်မံ တိုးချဲ့မည်၊ အချို့ကို နေပြည်တော်တွင်ထားရန်စီစဉ်နေ၊ နိုင်ငံတကာအားကစား တက္ကသိုလ်များမှ အသိအမှတ်ပြု ဘွဲ့လက်မှတ်များ အွန်လိုင်းဖြင့် ရယူနိုင်၊ ဖက်စ်ဖြင့်ငွေလွှဲနိုင်မည့် ဘဏ်ခွဲအရေအတွက် ထပ်မံတိုးချဲ့သွားမည်၊ ဧရာဝတီမြစ်၏ရေတိမ်ဒေသ စနစ်ကျစွာ ကာကွယ်ထိန်းသိမ်းရန် အထူးလိုအပ်နေ၊ လုပ်သက်ရ အရည်အချင်းပြည့်ဝသည့် သင်္ဘောသားများ ပိုမိုလိုအပ်နေ၊ စာအိတ်နှင့် အထုပ် စသည့် ချောပစ္စည်းများ သံသယရှိနေပါက သက်ဆိုင်ရာသို့ အကြောင်းကြားသင့် စသည့် ပြည်တွင်းရေးရာ သတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာသည်။

'စံချိန်မီ ကွင်းလယ်ဆရာလေး ဖာဘရီဂတ်စ်' အားကစားဆောင်းပါးနှင့်အတူ အိန္ဒိယတွင် အထပ်လေးထပ်ရှိ စာသင်ကျောင်းပြို ကျောင်းသူ ၁၁ဦးဖိတ်စဉ်၊ ၁၄ဦး ဒဏ်ရာရ၊ နေခြည်အိမ် နိုင်ငံတကာပြိုင်ပွဲ၌ အမှတ်ကောင်းရနေ၊ မိသားတစ်စု ကလေးတစ်ဦး မူဝါဒ တရုတ်နိုင်ငံဆက်လက်ကျင့်သုံး၊ ပိန်လွှန်လွှန်းသည့် မော်ဒယ်လ်ကိစ္စဖက်ရှင် ခေါင်းဆောင်များ ဆွေးနွေး၊ ဆမ်ဆောင်းက ဘတ်ငွေကုဋေတစ်ရာဖိုး အရောင်းမြှင့်တင်မည်ဆို စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ (က-ပ)

အင်တာနက် အားကစားသတင်းများ

အာဆီယံတံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ စင်ကာပူအသင်း အနိုင်ရဗိုလ်စွဲ

ဗန်ကောက် ဖေဖော်ဝါရီ ၄

အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ တနင်္ဂနွေနေ့ကကျင်းပရာတွင် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ကြသော်လည်း စင်ကာပူအသင်းက ပထမအကျော့တွင် နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သဖြင့် နှစ်ပွဲပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် ချန်ပီယံဆုဖလားကို ဆွတ်ခူးရယူလိုက်သည်။

အငြင်းပွား

လက်ရှိချန်ပီယံ စင်ကာပူအသင်းသည် ဗုဒ္ဓဟူးနေ့က ကျင်းပသည့်ပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ အားသာချက်ရရှိခဲ့သည်။ အဆိုပါပွဲတွင် ပိုင်နယ်တီ ကန်သွင်းခွင့်နှင့် ပတ်သက်၍ ထိုင်းအသင်းက ကန့်ကွက်ခဲ့ပြီး အငြင်းပွားခဲ့ကြသည်။

ဒုတိယအကျော့ပွဲတွင် ထိုင်းအသင်းက ပွဲချိန် ၃၇မိနစ်တွင် ပီပက်သွန် ကန်ယာ၏ ဂိုးဖြင့် နှစ်ပွဲပေါင်း နှစ်ဂိုး-နှစ်ဂိုး ရလဒ်ပေါ်ထွက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

တအံ့တသြဖြစ်

သို့ရာတွင် ပွဲပြီးရန် ကိုးမိနစ်အလိုတွင် စင်ကာပူအသင်းမှ လူစား ဝင်ရောက်လာသူ ခါရီရှူလ်အေမီယာက အနိုင်ဂိုးသွင်းယူခဲ့ရာ ပွဲကြည့်ပရိသတ် ၃၀၀၀၀ မှာ တအံ့တသြ ဖြစ်ကြရသည်။

မိမိတို့အသင်း ချန်ပီယံဆုဖလား ရရှိခြင်းမှာ အောင်မြင်မှုကြီး တစ်ရပ်ပင်ဖြစ်ကြောင်း စင်ကာပူအသင်း၏ ဆာဘီးယားလူမျိုးနည်းပြ ရာဒိုဗန်အဗရာမိုဗစ်က ပြောကြားသည်။ ***အင်တာနက်။***

ဖေဖော်ဝါရီ ၄ ရက်က ကျင်းပသော အာဆီယံ တံခွန်စိုက်ဖလား ဘောလုံးဗိုလ်လုပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော စင်ကာပူအသင်းမှ အသင်းခေါင်းဆောင် အိုင်ဒီအစ္စခန်ဒါဘင်ဆာဟက်အား ဆုဖလားနှင့်အတူ တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မန်ချက်စတာယူနိုက်တက်အသင်းမှ စီရော်နယ်လ်ဒို(ယာ)*(ဓာတ်ပုံ-အင်တာနက်)*

မန်ယူအသင်းတွင် စီရော်နယ်ဒိုပျော်မွေ့

လန်ဒန် ဖေဖော်ဝါရီ ၄

ပေါ်တူဂီလူမျိုး တောင်ပံကစားသမား စီရော်နယ်ဒိုသည် လာမည့်နွေရာသီတွင် စပိန်နိုင်ငံသို့ ရွှေ့ပြောင်းမည်ဆိုခြင်းမှာ မဟုတ်မှန်ကြောင်း၊ စီရော်နယ်ဒိုသည် မန်ချက်စတာ ယူနိုက်တက်အသင်းတွင် ပျော်ရွှင်မှုရှိကြောင်း ၎င်း၏ကိုယ်စားလှယ်က ယနေ့ပြောကြားသည်။

လက်ရှိ ဘောလုံးရာသီတွင် စီရော်နယ်လ်ဒို၏ စွမ်းဆောင်ချက်နှင့် ပတ်သက်၍ စပိန်နိုင်ငံရှိ ဘာစီလိုနာအသင်းကရော ရီးယဲလ်မဒရစ် အသင်းကပါ အာရုံစိုက်လျက်ရှိကြသည်ဟု သတင်းစာများက ရေးသားဖော်ပြခဲ့သည်။

စီရော်နယ်လ်ဒိုသည် မန်ချက်စတာယူနိုက်တက်အသင်းတွင် ကန်ထရိုက်စာချုပ်သက်တမ်းတိုးနိုင်မည်ဟု မျှော်လင့်ကြောင်း ကိုယ်စားလှယ်က ပြောကြားသည်။ ***အင်တာနက်။***

ချစ်ကြည်ရေး ခြေစမ်းပွဲတွင် ဂျွန်တယ်ရီပါဝင်မည်

လန်ဒန် ဖေဖော်ဝါရီ ၄

ဂျွန်တယ်ရီသည် ဗုဒ္ဓဟူးနေ့တွင် စပိန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် အင်္ဂလန်အသင်း၌ပါဝင်ကစားမည်ဖြစ်ကြောင်း နည်းပြ ဟိုဆေးမော်ရင်ဟိုက ယနေ့ပြောကြားသည်။

အင်္ဂလန်အသင်း၏ အသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် စနေနေ့က ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ခေတ္တခဏပါဝင်ကစားခဲ့သည်။

ပွဲကစားချိန်၏ နောက်ဆုံးနှစ်မိနစ်တွင် တယ်ရီပါဝင်ကစားခဲ့ပြီး ၎င်း၏ ချယ်လ်ဆီးအသင်းက ချာလ်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂျွန်တယ်ရီသည် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ချယ်လ်ဆီးအသင်း၏ နောက်ဆုံး ၁၁ ပွဲတွင် ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပေ။ ***အင်တာနက်။***

လီဗာပူး မန်နေဂျာ၏ မှတ်ချက် အဲဗာတန်အသင်း ဒေါသထွက်

လန်ဒန် ဖေဖော်ဝါရီ ၄

လီဗာပူးအသင်း၏ မန်နေဂျာ ရာဖေးလ်ဘင်နီတက်ဇ်၏ ပွဲအပြီး မှတ်ချက်စကားကြောင့် အဲဗာတန်အသင်း ဒေါသထွက်ရကြောင်း၊ အဲဗာတန်အသင်းသည် အသင်းငယ်မျှသာဖြစ်သည်ဆိုသော ဘင်နီတက်ဇ်၏ ဝေဖန်ပြောကြားချက်ကို အဲဗာတန်အသင်း၏ အမှုဆောင်အရာရှိချုပ် ကိတ်ဝိန်းနက်စ်က ပယ်ချလိုက်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

စနေနေ့က အန်ဖီးလ်ကွင်း၌ ကျင်းပသော မြို့ခံပြိုင်ဘက်အသင်း နှစ်သင်း၏ ဘောလုံးပွဲတွင် ဂိုးမရှိသရေကျခဲ့ကြသည်။ အနိုင်ရရှိလိုသောအသင်းနှင့် အရှုံးမပေးလိုသောအသင်းဟူ၍ နှစ်မျိုးရှိကြောင်း၊ အသင်းငယ်များနှင့်ကစားရသည့်အခါ အသင်းကြီးမှာ စိတ်မပါတတ်ကြောင်း၊ အဲဗာတန်အသင်းနှင့် ကစားရသည့်အတွက် မိမိတို့မှာ မည်သို့မျှ စိတ်လှုပ်ရှားမှု မဖြစ်ရကြောင်း ဘင်နီတက်ဇ်က ပြောကြားခဲ့သည်။ ဘင်နီတက်ဇ်၏ မှတ်ချက်မှာ မိမိတို့အား ရန်ငြိုးထားသည့် စကားသာလျှင်ဖြစ်ကြောင်း ဝိန်းနက်စ်က ပြောကြားသည်။ ***အင်တာနက်။***

ထူးခြားသည့် ညအပူချိန်များ

(၄-၂-၂၀၀၇)

ဟားခါးနှင့်မိုးကုတ်
၂ ဒီဂရီစင်တီဂရိတ်

ပင်လောင်း
၃ ဒီဂရီစင်တီဂရိတ်

ရန်ကုန်
၁၆ ဒီဂရီစင်တီဂရိတ်

မွေးနေ့မင်္ဂလာဆုမွန်

ချစ်သော သမီးဦးလေး ဖူးဖူး **"မြပုရစ်ဖူး"** လေး၏ ၅-၂-၂၀၀၇ရက်တွင် ကျရောက်သော (၃)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် ဖေဖေ၊ မေမေ၊ မောင်မောင်လေးတို့နှင့်အတူ အေးချမ်းသာယာပြည့်စုံပျော်ရွှင်သော ဘ၀ကိုပိုင်ဆိုင်နိုင်၍ မိဘမေတ္တာကို အထူးသိတတ်နားလည်သော သမီးကောင်းရတနာလေးဖြစ်ပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်ဖေဖေ – ချစ်မေမေ
မောင်လေး – ဘုန်းမြတ်သူ

သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သန်းမြင့် ပပဝင်းရတနာ ဂုဏ်ရှိန်မြင့် မိသားစုအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မဟာသာသနဝေပုလ္လကျောင်း၊ ဝေယျာဝစ္စအဖွဲ့အကျိုးတော်ဆောင် **သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်သန်းမြင့်** (ကမ္ဘာအေးစေတီလမ်း) ရန်ကုန်မြို့အား နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **သီရိသုဓမ္မသိင်္ဂီဘွဲ့**ကို ထပ်မံရရှိသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်းနှင့် သာသနာတော်အကျိုးများကို ဆတက်တိုး၍ ဆောင်ရွက်နိုင်၍ စိတ်ချမ်းသာကိုယ်ကျန်းမာ၍ လိုအင်ဆန္ဒပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဝေယျာဝစ္စအဖွဲ့
မဟာသာသနဝေပုလ္လကျောင်း

ဖေဖော်ဝါရီ ၄ ရက်က တာမွေမြို့နယ် ကျောက်မြောင်းကြီး ရပ်ကွက် ဒဂုဏ်သီရိလမ်းနှင့် ဩဘာလမ်းထောင့်ရှိ ဓမ္မရက္ခိတဓမ္မာရုံကြီးတွင် အကြိမ်(၇၀)မြောက် ဆွမ်းတော်ကြီးတင်၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအောင်ပွဲ ရေစက်ချတရားတော်နာ အခမ်းအနားကျင်းပရာ ဓမ္မာရုံ ဩဝါဒါစရိယ မဟာပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဝါယမ (သဒ္ဓမ္မဇောတိကဓဇ) ထံမှ ပရိသတ်များ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (က-ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ (၃၂-၃၄) ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ်) သို့ ကွယ်လွန်သူ ခင်ပွန်း ဦးအေးအား ရည်စူး၍ မန္တလေးမြို့ ၂၇ လမ်းနေ ဒေါ်ခင်စု မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ အလုပ်အမှုဆောင် ဦးအောင်တင်ထွန်း လက်ခံယူစဉ်။ (က-ပ)

ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန စံပြရင်သွေးအိမ် မူလတန်းကြိုကျောင်း၏ ၂၀၀၇ ခုနှစ် ကာယစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျောင်းရှေ့တွင် ပြုလုပ်ရာ ဆုရရင်သွေးငယ်များအား ရန်ကုန်တိုင်းရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေဇင် ဆုချီးမြှင့်စဉ်။ (လူမှုဝန်ထမ်း)

အောင်ချမ်းသာ

ဆေးဝါးကျွမ်းကျင်အကူသင်တန်း၊ သူနာပြုအကူသင်တန်း

ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံရှိ ဝါရင့်နာမည်ကြီး၊ ဆေးဝါးကျွမ်းကျင်ပညာရှင်များဦးစီး၍ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သင်ထောက်ကူ စာရွက်စာတမ်းများနှင့် ကိုယ်တိုင်ရေးစရာမလိုအောင် စီစဉ်ထားသည်။ သင်တန်းနှစ်ထား၊ သက်သာစေရမည်။ သင်တန်းပြီးလျှင် ဆေးဆိုင်ချက်ချင်းဖွင့်နိုင်ရမည်။ ဆေးဆိုင်ဖွင့်နိုင်ရန် စီစဉ်ပေးသည်။ အလုပ်အကိုင်ရရှိရေး ကူညီမည်။ Certificate ပေးသည်။ တစ်ယောက်ထိုင်ခုံနှင့် လူနည်းနည်းသင်ကြားပေးသည်။ ဘော်ဒါဆောင် စီစဉ်ပေးသည်။ **"ဆေးအကြောင်း အမှန်တကယ်နားလည်တတ်မြောက်ချင်ရင် မူလလက်ဟောင်း အောင်ချမ်းသာသို့ ကြွခဲ့ပါ။"**

အပတ်စဉ် (၅၈) (Mon to Fri)	-	၆-၂-၂၀၀၇ (တစ်လပြတ်အထူး သင်တန်း) ဆေးဝါးကျွမ်းကျင်အကူသင်တန်း	
		7:30 - 12:30 AM	(၁၂) ဦး
		12:30 - 5:45 PM	(၁၂) ဦး
အပတ်စဉ် (၅၉) (Mon to Thur)	-	၆-၂-၂၀၀၇ (နှစ်လပြတ်အထူးသင်တန်း) ဆေးဝါးကျွမ်းကျင် အကူသင်တန်း/သူနာပြုအကူ သင်တန်း	
		7:30 - 11:00 AM	(၁၂) ဦး
		12:30 - 4:00 PM	(၁၂) ဦး
အပတ်စဉ် (၆၀) (Sat to Sun)	-	၁၀-၂-၂၀၀၇ (နှစ်လပြတ်အထူးသင်တန်း) ဆေးဝါးကျွမ်းကျင်အကူသင်တန်း/သူနာပြုအကူသင်တန်း	
		7:30 - 12:00 AM	(၁၂) ဦး
		12:30 - 5:00 PM	(၁၂) ဦး

သတိ ! လိပ်စာပြောင်းထားသည်

ဆက်သွယ်ရန် → အမှတ် (၃၃)၊ 4 B၊ မွှားရုံလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဂမုန်းပွင့်ကုန်တိုက်အနီး
Ph : 503556

စက်မှုလက်မှုအထက်တန်းကျောင်းအမှတ်(၂) ရန်ကုန်(ဘောင်ဒရီ)မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

စက်မှုလက်မှုအထက်တန်းကျောင်းအမှတ်(၂) ရန်ကုန်(ဘောင်ဒရီ) တွင် ပညာသင်ကြားပေးခဲ့ကြသော သက်ကြီး ဆရာကြီး၊ ဆရာမကြီးများအား ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂၅ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အကြံဉာဏ်နှင့် ပါဝင်ကူညီ အကျိုးဆောင်လိုသူ ကျောင်းသားဟောင်းများသည် ဆရာဦးတင်ဝင်း(ခတု-သချာ)ဖုန်း-၅၀၂၅၇၂၊ ကိုမောင်မောင်အေး ဖုန်း-၀၉-၅၁-၂၆၆၆၅၊ ကိုနေအောင် ဖုန်း-၀၉-၅၁-၀၆၁၆၂၊ ကိုခင်ဆွေ ဖုန်း-၀၉-၅၁-၆၇၄၆၀၊ ကိုရဲမြင့် ဖုန်း-၅၂၄၁၉၇၊ ကိုခင်ဇော် ဖုန်း-၅၂၄၉၄၂တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

မွေးနေ့ဆုမွန်

ချစ်သော သားကြီး ကိုသူနှင့် သမီးကြီး မလင်းတို့၏ သမီးဦးရတနာလေး

ချစ်မြေးလေး **"မြပုရစ်ဖူး"** ဖူးဖူး ၏ ၅-၂-၂၀၀၇ရက်တွင် ကျရောက်သော(၃)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေ မောင်မောင်လေးတို့ မိသားစုနှင့်အတူ ပြည့်စုံအောင်မြင်ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်ပြီး ရတနာသုံးပါး ဂုဏ်ကျေးဇူးကို နားလည်သောသမီး ရတနာလေးဖြစ်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်......

ဘွားဘွားကြီး	–	ဒေါ်စောညွန့်
ဘိုးဘိုး	–	ဗိုလ်မှူးသန့်ဇင်(ငြိမ်း)
ဘွားဘွား	–	ဒေါ်ခင်မေဦး
ဦးဦး	–	ဒေါက်တာစိုးလင်းကို
တီလေး	–	ဒေါက်တာမြသဲဖြူသန့်
ဦးမောင်	–	မိုးစည်သူသန့်
တီငယ် –	–	လှဲ့ဝင်းဖြူသန့်

မွေးနေ့ဆုမွန်

ချစ်သမီးလေး **ဖူးဖူး(ခ)မြပုရစ်ဖူး၏** ၅-၂-၂၀၀၇ရက်တွင် ကျရောက်သော (၃)နှစ်ပြည့် မွေးနေ့မှစ၍ ထူးချွန်လိမ္မာထက်မြက်၍ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများစွာ ခံစားရသော သမီးမြတ်ရတနာလေး ဖြစ်ပါစေရန် ဆုတောင်းလိုက်ပါသည်။

ဘိုးဘိုး	–	ဦးခင်မောင်ဂျက်ကို
ဘွားဘွား	–	ဒေါ်ချိုချိုအောင်
ဦးဦး	–	အောင်နိုင်ကို-ဝါဝါဆင့်
တီတီ	–	ကျော်ကျော်စိုး-ခင်ထိုက်ထိုက်ကို
မမ	–	နှင်းသဇင်အောင်၊ ကစ်ကစ်၊ ဖူးဖူး
မောင်လေး	–	ဒေဝါ
ညီမလေး		

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်မြေးဦးလေး **ဖူးဖူး(ခ)မြပုရစ်ဖူး**လေး၏ ၅-၂-၂၀၀၇ ရက်တွင် ကျရောက်သော (၃)နှစ်ပြည့်မြောက် မွေးနေ့မှစ၍ နှစ်ပေါင်းတစ်ရာ့နှစ်ဆယ်တိုင်တိုင် မိသားစုများ၊ သူငယ်ချင်းမိတ်ဆွေများနှင့်အတူ အေးချမ်းပြည့်စုံ ကျန်းမာပျော်ရွှင်သော ဘဝကို ပိုင်ဆိုင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်......

ဘိုးဘိုး	–	ဦးလှခိုင်
တီတီလေး	–	ကေခိုင်ဆု(ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်၊ မန္တလေး)

သိဒ္ဓိတင်ပွဲတော်နှင့် ရေစင်သွန်းလောင်းပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန် တောင်ပိုင်းခရိုင် ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ရာဇသင်္ကြန်လမ်းတွင် တည်ထားကိုးကွယ်လျက်ရှိသော စရီမဟာကာလီယမ္မာန် ဘုရားကျောင်း၏ (၁)နှစ်ပြည့် မဟာသိဒ္ဓိတင်ပွဲ တော်နှင့် ရေစင်သွန်းလောင်းပွဲ ကို ၁၃၆၈ ခုနှစ် တပို့တွဲ လပြည့်ကျော် ၆ ရက်၊ (ဖေဖော်ဝါရီ ၇) တွင် ကျင်းပမည်ဖြစ်၍ ကြွရောက်ကြည်ညိုဖူးမြော်ကြရန် ဖိတ်ကြားထားသည်။ (၅၂၉)

ကြည့်ရှုလေ့လာ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အမရပူရမြို့နယ် ဒေါ်စောရှင် ပိုးစစ်လွန်း ရာကျော်ချိတ်လုပ်ငန်းကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အမျိုးသားရေးကိစ္စအနေဖြင့် ဆောင်ရွက် ပြည်တွင်း ပြည်ပ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့တွင် မန္တလေးခရိုင် အမရပူရမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ကျေးရွာ၊ ရပ်ကွက် စည်းရုံးရေးမှူးများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်အုန်းနှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများက ဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

မှာကြား

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက တင်ပြချက် အသီးသီးအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီး၏ မွန်မြတ်သန့်စင်သော ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အမျိုးသားရေးကိစ္စအနေဖြင့် ဆောင်ရွက်သွားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ မိမိတို့ရပ်ကွက်၊ ကျေးရွာများ ဖွံ့ဖြိုးရေးအတွက် ပြည်သူများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရေး၊ ပြည်တွင်း ပြည်ပ သတင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လေ့လာသိရှိထားရေးတို့ကို မှာကြားသည်။ **စာမျက်နှာ ၁၁ ကော်လံ ၃ သို့** ❑

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ လှူဒါန်းခြင်းသည် မွန်မြတ် စာကြည့်တိုက်များ တည်တံ့အောင်မြင်ရေး ပိုင်းဝန်းပူးပေါင်း အရှိန်အဟုန်မပျက်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၄

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်တည်ထောင်ထားသော ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များကို အလှူရှင်များက ယမန်နေ့ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမသို့ လာရောက်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးဇူးတင်စကားပြောကြားပြီး စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စာအုပ်၊ စာစောင် များကို လက်ခံသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးဇူးတင်စကား ပြောကြားရာတွင် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းတည်ဆောက်ပေးလျက် ရှိသော ကဏ္ဍအများအပြားရှိသည့်အနက် ပြည်သူများ၏ အသိဉာဏ်နှင့် ပညာဗဟုသုတ မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် **စာမျက်နှာ ၁၁ ကော်လံ ၅ သို့** ❁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စေတနာရှင် အလှူရှင်တစ်ဦးက စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကြေးမုံ အင်တာနက်သတင်း

ကမ္ဘာ့သက်တမ်းအရင့်ဆုံး သတင်းစာ အင်တာနက်မှတစ်ဆင့် ပြောင်းလဲထုတ်ဝေ

စတော့ဟုမ်း ဖေဖော်ဝါရီ ၄

ကမ္ဘာပေါ်ရှိ သက်တမ်းအရင့်ဆုံး သတင်းစာဖြစ်သော ပို့စ်အောက်ချ် အင်ရီက်စ် တစ်နင်ဂါ (Post och Inrikes Tidningar) အမည်ရှိ နိုင်ငံပိုင်သတင်းစာကို စက္ကူဖြင့် ပုံနှိပ်ထုတ်ဝေခြင်းမှ အင်တာနက်မှတစ်ဆင့် ထုတ်ဝေခြင်းသို့ ပြောင်းလဲလိုက်ပြီဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဆွီဒင်နိုင်ငံတွင် ထုတ်ဝေသည့် အဆိုပါသတင်းစာကို ၁၆၄၅ ခုနှစ်တွင် ခရစ္စတီးနား ဘုရင်မကြီးက တည်ထောင်ပေးခဲ့သည်။ ယင်းသတင်းစာသည် ၁၇ ရာစုနှောင်းပိုင်းနှင့် ၁၈ရာစုတို့အတွင်း ထိပ်တန်းသတင်းစာကြီးအဆင့်သို့ ရောက်ရှိလာခဲ့ပြီး ပြည်သူများက အလေးထား ဖတ်ရှုလာခဲ့သည်။

သို့ရာတွင် နောက်ပိုင်းကာလ၌ သတင်းစာများ အလျှိုအလျှို ပေါ်ပေါက်လာခဲ့ပြီး ယှဉ်ပြိုင်လုပ်ကိုင်ရမှု အရှိန်အဟုန် မြင့်တက်လာသောကြောင့် ပီအိုအိုင်တီ သတင်းစာ၏ စာဖတ်ပရိသတ်ဦးရေ တစ်စစလျော့နည်းလာခဲ့သည်။ **စာမျက်နှာ ၁၁ ကော်လံ ၃ သို့** ●

POST-OCH INRIKES TIDNINGAR

Världens äldsta tidning – anno 1645

Viktigt meddelande

Bästa läsare och annonsör. Sveriges Riksdag har beslutat att Post- och Inrikes Tidningar från den 1 januari 2007 skall upphöra som papperstidning och endast finnas tillgänglig som gratistidning i elektronisk form på Internet via Bolagsverket.

Information om inlämningsadresser och inlämningstider finns på www.bolagsverket.se/poit.

MVH/ Redaktionen

Post- och Inrikes Tidningar

är Sveriges officiella organ, och är unikt så till vida att det är det enda organet i Sverige som har rikstäckande kungörelser, som t.ex. konkurser, skuldsaneringar, bolagsärenden och exekutiva auktioner.

Kort historik

Prenumeration

Samtliga prenumerationsärenden, adressändringar och reklamationer hanteras av:

Titel Data AB
112 86 Stockholm
Tel. 08-617 23 40
www.prenservice.se

Annonser

Kungörelseannonser insändes till redaktionen helst via e-post red@poit.org
Annonsprislista kan erhållas på begäran.

၁၆၄၅ခုနှစ်မှစ၍ ထုတ်ဝေခဲ့သော ပီအိုအိုင်တီသတင်းစာ။
(ဓာတ်ပုံ–အင်တာနက်)

ယနေ့ မိုးလေဝသအခြေအနေ

၅-၂-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။